ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက် ၊ စနေနေ့ ၊ (31-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၄)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဦးညီစော ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးညီစော ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၃၀

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန် ကဏ္ဍအလိုက်၊ အပိုင်းလိုက်၊ အဆင့်လိုက် လမ်းပြမြေပုံများချမှတ်ပြီး မဟာဗျူဟာမြောက်ဆောင်ရွက်နေမှု၊ ခေတ်မီပြီး လုံခြုံစိတ်ချရသည့် ဒီဂျစ်တယ်အခြေခံအဆောက်အအုံများကို

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ ယနေ့ဖတ်စရာ

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

စာမျက်နှာ - ၁၈

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

စာမျက်နှာ - ၂၀

ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်မည်

နေပြည်တော် အောက်တိုဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီပေါင်းလောင်းတိုးချဲ့ဓာတ်အားလိုင်းကို အောက်တိုဘာ ၃၁ ရက် (ယနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်စဉ် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ကေဗွီ ၂၃၀ မြောင်းတကာပင်မဓာတ်အားခွဲရုံရှိ ကွဲအက်ချို့ယွင်းမှုဖြစ်ပေါ်နေသော

စာမျက်နှာ ၂၁ ကော်လံ ၄ ✱

ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၃၀


တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်တွင် CNF၊ CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ်

စာမျက်နှာ ၂၁ ကော်လံ ၁ ❖



ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးစဉ်။

လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်



နေပြည်တော် အောက်တိုဘာ ၃၀

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ကပွလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပွလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်(Depression)အဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၂၁ ကော်လံ ၄ ❍

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်
အယ်ဒီတာ့အာဘော်

ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းနိုင်ခဲ့သော ဆိုကရေတီးပြိုင်ပွဲကြီး

မြန်မာလူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်အနုသုခုမဂီတအနုပညာရပ်များကို ပိုင်ဆိုင်ထိန်းသိမ်းလာခဲ့ကြသူများဖြစ်သည့်အပြင် ခေတ်အဆက်ဆက်တွင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားကာ အမြတ်တနိုး ထိန်းသိမ်းခဲ့ကြသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ခဲ့ကြသည့်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုသုခုမပညာရပ်များသည် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုးတန်ဖိုးထားမှုများ ပိုမိုရှင်သန်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အဆင့် ပြိုင်ပွဲတစ်ခုအနေဖြင့် ၁၉၉၃ ခုနှစ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို စတင်ကျင်းပခဲ့ရာ ယခုအခါ ၂၇ ကြိမ်မြောက်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ယခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက်ကောင်းများ ချမှတ်၍ အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုအခါ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်သည့် အခမ်းအနားကိုလည်း အောက်တိုဘာ ၂၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ကျောက်စိမ်းခန်းမ၌ ခမ်းနားထည်ဝါစွာ ကျင်းပပေးခဲ့သည်။ ထိုသို့ဂုဏ်ပြုပေးခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကြရန် အားပေးတိုက်တွန်းခြင်းပင်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ထူးချွန်သူများကို နိုင်ငံတော်က ရွှေတံဆိပ်ဆု ၁၉၅ ခု၊ ငွေတံဆိပ်ဆု ၁၆၇ ခု၊ ကြေးတံဆိပ်ဆု ၁၆၅ ခု၊ နှစ်သိမ့်ဆုနှစ်ခုနှင့် အထူးဆုနှစ်ခု စုစုပေါင်း ၅၃၁ဆုထိ ချီးမြှင့်ပေးခဲ့သည်ကို ဂုဏ်ယူအားရကျေနပ်ဖွယ်တွေ့မြင်ရပေသည်။

နိုင်ငံနှင့်လူမျိုးအတွက် မြင့်မားသော ရည်ရွယ်ချက်များထားရှိကာ ကျင်းပခဲ့သည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မျိုးဆက်သစ်လူငယ်များနှင့် အနုပညာပညာရှင်များ၏ အရည်အချင်း၊ ပါရမီနှင့် ကြိုးစားအားထုတ်မှုများကို ဖော်ထုတ်ပြသနိုင်ခဲ့သကဲ့သို့ မြန်မာ့ရိုးရာအနုပညာရပ်များ၏ တန်ဖိုးနှင့် အလှတရားများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်လူငယ်များ၊ အနုပညာပညာရှင်များက မိမိတို့၏ ကျွမ်းကျင်တတ်မြောက်ရာ အနုသုခုမပညာရပ်များဖြင့် တက်တက်ကြွကြွ စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ၏ အစဉ်အလာကောင်းများကို ဆက်လက်ရှင်သန်စေမည့် အားတက်ဖွယ်ရာ မြင်ကွင်းတစ်ရပ်ဖြစ်ပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းကာ စည်ကားသိုက်မြိုက်ခမ်းနားစွာဖြင့် အောင်မြင်စွာ ပြီးမြောက်ခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် အနာဂတ်မျိုးဆက်များအတွက် အမျိုးသားရေးအမှတ်သညာကို လက်ဆင့်ကမ်းပေးသည့် ပျော်ရွှင်ကြည်နူးဖွယ်ရာ ပြိုင်ပွဲကြီးပင်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် ရေးသားလိုက်ရပေသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၁၂၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယင်းမာပင် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၁၂၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၁၉ ဧက၊ ကနီမြို့နယ်တွင် ၁၇၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၄၁ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၀ စုစုပေါင်း ၁၂၃၅ ဧကတို့ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲလွမ်း ဧက ၁၂၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲလွမ်းတွေ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို ဆောင်ရွက်ပေးသွားပါမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖုလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောပြ၍ သိရသည်။ (၂၀၆)

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အုန်းသီးအနုအလုံးရေ ၇၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



မော်လမြိုင်ကျွန်း အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဒေသထွက် အုန်းသီးအနုအလုံးရေ ၇၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အုန်းသီးအနု အလုံးရေ ၅၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း အုန်းသီးအနုအလုံးရေ ၇၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ် ကနေထွက်ရှိတဲ့ ဒေသထွက် အုန်းသီးအနုတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ စက်တင်ဘာလထဲမှာ အုန်းသီးအနုအလုံးရေ ၇၄၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အုန်းသီးအနုများ ဝယ်ယူမှုများပြားနေတဲ့အတွက် တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ အုန်းသီးအနုများ တင်ပို့အားကောင်းနေသည့်အတွက် ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အင်္ဂားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိကာ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

စဉ့်ကိုင် အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းသုံးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်ပိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ထန်းသုံးပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ကျပ် သန်း ၃၀ ဖြင့် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှု စစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ခင်ပိုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ထန်းသုံးပင်ကျေးရွာ၌ နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄/ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

နွားထိုးကြီးမြို့နယ် ပဒေါင်းကျေးရွာ၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

နွားထိုးကြီး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ပဒေါင်းကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းနှင့် အခြားဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို စနစ်တကျ သုံးစွဲကြရန်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဌာနဆိုင်ရာအဖွဲ့အစည်းများ ထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစန္ဒီသန့်က အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်း ထံမှ သိရသည်။

ချစ်ဦးကို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့နယ် ဒဲရင်းကွဲကျေးရွာနေ ဦးစန်းမောင် မိသားစုက တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ် ဒေါက်တာဦးမြတ်ကျော်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်နှင့် ရုံးအဖွဲ့မှူး ဦးထွန်းအောင်ကျော်တို့က လက်ခံရယူစဉ်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



တန့်ဆည် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၈၉၅ ဧကခန့် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ဧက ၄၀၀၀ ကျော်ကျင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်၊ ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

ကျောက်ပန်းတောင်းမြို့နယ် အင်ချောင်းကျေးရွာ၌ လူထုအသိပညာပေးဟောပြောပွဲ ကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အင်ချောင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က လူထုအသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများမှ တာဝန်ရှိသူများက မီးလောင်မှုဖြစ်ပွားတတ်သည့် အကြောင်းအရာများနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆီကြောင့်မီးလောင်ပါက မီးငြိမ်းသတ်ပုံများ၊ မီး၏သဘောသဘာဝနှင့် မီးသတ်ဆေးဘူးထိန်းသိမ်းအသုံးပြုပုံများ၊ ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာမှ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ အသိပညာပေးလက်ကမ်းစာစောင်များကို ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများထံ ဖြန့်ဝေပေးခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်ထံမှ သိရသည်။

မောင်ခိုင်

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေငွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ မနောသုခဆန်သည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် ဆန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ဒီဘက်ကနေ မနောသုခဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က အခုလအတွင်းမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ မနောသုခဆန်က ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လက်ရှိမှာပါ အရောင်းအဝယ်ကောင်းနေပါတယ်။ မနောသုခဆန်တွေကို ကုန်းလမ်းကနေ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ငွေးငွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



သကြားမုန်လာဥ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

သကြားမုန်လာဥဆိုသည်မှာ

သကြားမုန်လာဥသည် ဘောလုံးပုံသဏ္ဌာန်၊ တချို့မှာ ဂျင်ပုံသဏ္ဌာန်၊ တချို့မှာမူရှည်မျောမျောပုံသဏ္ဌာန် အနီရောင် သို့မဟုတ် ခရမ်းရောင်ရင့်ရောနေသည့် အရောင်ဖြစ်ပြီး အတွင်းပိုင်းတွင် အနီရောင် သို့မဟုတ် အကွင်းလိုက် အရောင်ရင့်များပါရှိသည်။ သကြားမုန်လာဥသည် ကျန်းမာရေးအတွက် အလွန်ဆေးဖက်ဝင်ပြီး အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် အမြစ်ဥသီးနှံတစ်မျိုးဖြစ်သည်။ ၎င်း၏ အနီရင့်ရောင် သို့မဟုတ် ခရမ်းရောင်သန်းနေသော အရောင်ကြောင့် သိသာထင်ရှား၍ အရောင်အလွန်ထွက်သောကြောင့် သဘာဝဆေး ရောင်ခြယ်အနေဖြင့်လည်း အသုံးပြုကြသည်။ သကြားမုန်လာဥသည် မြေဆီအနှံ့ ခပ်သင်းသင်းနှင့် အနည်းငယ်ချိုသည့် အရသာရှိသည်။ သကြားမုန်လာဥကိုအသုပ်များတွင် ထည့်စားကြသကဲ့သို့ဖျော်ရည်ပြုလုပ်၍ဖြစ်စေ ချက်ပြုတ်၍ဖြစ်စေ ပြုလုပ်စားသုံးကြသည်။

သကြားမုန်လာဥ (Beetroot)

သကြားမုန်လာပင်ဟု ခေါ်သော်လည်း မုန်လာဥ၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ မုန်ညင်း စသည်တို့နှင့် မျိုးရင်းချင်းမတူသည့်အပြင် မုန်လာဥဝါနှင့်လည်း မျိုးရင်းချင်းမတူဘဲ အင်္ဂလိပ်လို Beetroot ဟုခေါ်သည့် သကြားမုန်လာဥကို ရုက္ခဗေဒအလိုအားဖြင့် (Botanical Name) Beta vulgaris ဖြစ်ပြီး မျိုးရင်း (Family Name)အနေဖြင့် Amaranthaceae မျိုးရင်းတွင်ပါဝင်ပြီး ယခင်က Chenopodiaceae ဟုလည်း ခေါ်ဆိုခဲ့ကြသည်။ လူသားတို့သည် ရှေးနှစ်ပေါင်း ၂၀၀၀ ခန့်တွင် သကြားမုန်လာပင်ကို အစားအစာအဖြစ် စိုက်ပျိုးလာခဲ့ကြပြီး ၁၈ ရာစုတွင် သကြားထုတ်လုပ်ရန် စတင်စမ်းသပ်ခဲ့ကြသည်။ သကြား၂၀ ရာခိုင်နှုန်းပါဝင်သည့် သကြားမုန်လာသည် ကမ္ဘာ့သကြားထုတ်လုပ်မှုတွင် ကြံသီးနှံပြီးပါက ဒုတိယသကြားအထွက်အများဆုံး သီးနှံတစ်ခုဖြစ်ပြီး ကမ္ဘာ့သကြားထုတ်လုပ်မှု၏ ၂၁ ဒသမ ၈ ရာခိုင်နှုန်းပါဝင်ပြီး နှစ်နှစ်ခံ သို့မဟုတ် နှစ်ရာသီအပင်အမျိုးအစားဖြစ်သည်။ သကြားမုန်လာဥ (Beetroot) သည် ကျန်းမာရေးအတွက် အလွန်ဆေးဖက်ဝင်ပြီး အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် အမြစ်ဥသီးနှံတစ်မျိုးဖြစ်သည်။

သကြားမုန်လာဥဇာစ်မြစ် (Origin)

သကြားမုန်လာဥ၏ မူလဇာတိမှာ ကက်စပီယံမြေထဲပင်လယ် (Mediterranean) ဒေသနှင့် ဥရောပကမ်းရိုးတန်းများတွင် အလေ့ကျပေါက်သောအပင်တစ်မျိုး Wild Sea Beet (Beta vulgaris subsp. maritima) ဖြစ်သည်။ ရှေးခေတ်ဂရိနှင့် ရောမခေတ်များတွင် သကြားမုန်လာဥ၏အရွက်ကို ဟင်းသီးဟင်းရွက်နှင့် ဆေးဖက်ဝင်အဖြစ် စတင်အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် ဥ (Root) ကို စိုက်ပျိုးထုတ်လုပ်ကာ စားသုံးခဲ့ကြခြင်းဖြစ်သည်။

သကြားမုန်လာဥစားသုံးမှုပုံစံ

သကြားမုန်လာဥကို နည်းလမ်းမျိုးစုံဖြင့် စားသုံးနိုင်သည်။ သကြားမုန်လာဥအစိမ်းကို ပါးပါးလှီး၍ သို့မဟုတ် ခြစ်၍ အသုပ် (Salad) များတွင် ထည့်သွင်းစားသုံးနိုင်သည်။ သကြားမုန်လာဥ၊ ပန်းသီး၊ မုန်လာဥနီ (Carrot) တို့နှင့် ရောစပ်၍ ABC Juice အဖြစ် ဖျော်ရည်ပြုလုပ်၍ ကျန်းမာရေးအတွက် သောက်သုံးကြသည်။ သကြားမုန်လာဥဖျော်ရည်ကို သစ်သီးဖျော်ရည်နှင့်ရောစပ်ခြင်း သို့မဟုတ် Probiotic အဖျော်ယမကာများအဖြစ် အချဉ်ဖောက်ကြသည်။ သကြားမုန်လာဥကို ပြုတ်၍ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ၊ ကင်၍ဖြစ်စေ ဟင်းချို၊ စွတ်ပြုတ် (ဥပမာ-



ရုရှားရိုးရာ Borscht Soup) ချက်ပြုတ်စားသုံးနိုင်သည်။ သကြားဓာတ်ပါဝင်မှု (Brix) မြင့်မားသော ဘီထရွတ်ရည်သည် အရသာရှိသော ဒိန်ချဉ်၊ ရေခဲမုန့်နှင့် အချိုပွဲများပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။ သကြားမုန်လာဥ၏ အရွက်တွင်လည်း ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်သောကြောင့် အရွက်နုလေးများကို ဟင်းသီးဟင်းရွက်ကဲ့သို့ အသုပ် သို့မဟုတ် ကြော်ချက်၍ စားသုံးနိုင်သည်။

သကြားမုန်လာဥတွင်ပါဝင်သောအာဟာရဓာတ်များ

သကြားမုန်လာဥတွင် ကယ်လိုရီပါဝင်မှုနည်းပါးပြီး ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ကြွယ်ဝစွာပါဝင်သည်။ ဆဲလ်များဖွံ့ဖြိုးရေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် မရှိမဖြစ်လိုအပ်သော ဖောလိတ် (ဗီတာမင် B9)၊ အရိုးတည်ဆောက်ရေးနှင့် စွမ်းအင်ထုတ်လုပ်မှုအတွက် ကူညီပေးသော မဂ္ဂနီးစ် (Mn)၊ သွေးဖိအားကို ထိန်းညှိပေးသော ပိုတက်စီယမ် (K)၊ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသော ဗီတာမင် C၊ သွေးကြောများကိုကျယ်စေပြီး သွေးလှည့်ပတ်မှုကောင်းမွန်စေသော နိုက်ထရိတ် (Nitrates) နှင့် အစာခြေစနစ်ကိုအထောက်အကူပြုသော အမျှင်ဓာတ် (Fiber)တို့ ကြွယ်ဝစွာပါဝင်သည်။

သကြားမုန်လာဥ ၁၀၀ ဂရမ်တွင် ပါဝင်သော အာဟာရဓာတ်များ

သကြားမုန်လာဥ ၁၀၀ ဂရမ်တွင် စွမ်းအင် ၄၃ ကီလိုကယ်လိုရီ၊ ကစီဓာတ် ၆ ဒသမ ၇၆ ဂရမ်၊ အမျှင်ဓာတ် ၂ ဒသမ ၈ ဂရမ်၊ အဆီဓာတ် သုည ဒသမ ၁၇ ဂရမ်၊ အသားဓာတ် ၁ ဒသမ ၆၁ ဂရမ်၊ ဗီတာမင် A၊ ဗီတာမင် B1၊ ဗီတာမင် C၊ ဗီတာမင် B2၊ ဖောလိတ် (Foate)၊ သွပ် (Zn)၊ မဂ္ဂနီးစ်(Mn)၊ ပိုတက်စီယမ်(K) နှင့် သတ္တုဓာတ် (Metal) မြောက်မြားစွာ ပါဝင်သည်။

သကြားမုန်လာဥမှ ကျန်းမာရေးအတွက်ရရှိနိုင်သော အကျိုးကျေးဇူးများ(Health Benefits)

သွေးဖိအား (သွေးတိုး) ကျစေသောသကြားမုန်လာဥ

သကြားမုန်လာဥတွင် ရေဓာတ် ၈၈ ရာခိုင်နှုန်းပါဝင်သည့်အတွက် ကျန်းမာရေးအနေဖြင့် သွေးပေါင်ထိန်းညှိပေးနိုင်သည့်အပြင် သကြားမုန်လာဥတွင် ပါဝင်သော Dietary Nitrates ဓာတ်သည် ခန္ဓာကိုယ်အတွင်း ရောက်ရှိသောအခါ Nitric Oxide အဖြစ် ပြောင်းလဲကာ သွေးကြောများကို ကျယ်စေသဖြင့် သွေးဖိအားကိုထိန်းညှိပေးရန်နှင့် သဘာဝအတိုင်း ကျဆင်းစေရန် ကူညီပေးသည်။

နှလုံးရောဂါကိုကာကွယ်ပေးနိုင်ခြင်း

သကြားမုန်လာဥသည် သွေးတိုးကျစေသဖြင့် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ပွားခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။

သက်လုံကောင်းမွန်စေနိုင်ခြင်း

သကြားမုန်လာဥဖျော်ရည် သောက်သုံးခြင်းသည် ကြွက်သားများထံ အောက်ဆီဂျင်ရောက်ရှိမှုကို ကောင်းမွန်စေသောကြောင့် မောပန်းလွယ်ခြင်းကိုသက်သာစေပြီး စွမ်းအင်ပိုမိုရရှိစေကာ လေ့ကျင့်ခန်းလုပ်ရာတွင် သို့မဟုတ် အားကစားပြုလုပ်ရာတွင် စွမ်းဆောင်ရည်နှင့် သက်လုံကို တိုးတက်စေသည်။

အစာခြေစနစ်နှင့်အူလမ်းကြောင်း ကျန်းမာရေးကောင်းစေနိုင်ခြင်း

သကြားမုန်လာဥတွင် အမျှင်ဓာတ် (Fiber) ကြွယ်ဝစွာပါဝင်သောကြောင့် အူလမ်းကြောင်းလှုပ်ရှားမှုကိုကောင်းမွန်စေကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး အစာခြေစနစ်ကို ပုံမှန်လည်ပတ်စေသည်။

အသည်းကျန်းမာရေးကိုအထောက်အကူပြုနိုင်ခြင်း

သကြားမုန်လာဥတွင် အသည်းအတွင်းရှိအဆိပ်အတောက်များကို ဖယ်ရှားပေးရာတွင် ကူညီပေးပြီး အသည်းတွင်း အဆီဖုံးခြင်းကို ကာကွယ်ပေးနိုင်ကာ အသည်းနှင့် ကျောက်ကပ်ကို အားကောင်းစေသည်။

သွေးအားနည်းရောဂါကာကွယ်နိုင်ခြင်း

သကြားမုန်လာဥတွင် သံဓာတ်နှင့် Folate ဓာတ်များစွာပါဝင်သဖြင့် ကိုယ်ဝန်ဆောင်မိခင်များ သွေးအားနည်းသူများအတွက် သွေးအားကောင်းစေပြီး သွေးအားနည်းရောဂါကို ကာကွယ်ပေးသည်။

ရောင်ရမ်းမှုများကိုလျှော့ချပေးနိုင်ခြင်း

သကြားမုန်လာဥ၏ အနီရောင်ကိုဖြစ်ပေါ်စေသော Betalains ရောင်ခြယ်ဓာတ်သည် ရောင်ရမ်းမှုကိုဆန့်ကျင်သည့် Anti-inflammatory နှင့် Anti-oxidant ဂုဏ်သတ္တိများပါရှိသဖြင့် ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများကို သက်သာစေသည်။

ဦးနှောက်နှင့်မှတ်ဉာဏ် အထောက်အကူပြုနိုင်ခြင်း

အသက်အရွယ်ရလာသည်နှင့်အမျှ ဦးနှောက်သို့သွေးစီးဆင်းမှု လျော့နည်းလာတတ်သည်။ သကြားမုန်လာဥကို စားသုံးပေးခြင်းသည် ဦးနှောက်သို့ သွေးစီးဆင်းမှုကို ကောင်းမွန်စေသဖြင့် သက်ကြီးပိုင်းတွင် မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် မေ့လျော့ခြင်းများကို ကာကွယ်ပေးနိုင်ပြီး စိတ်ဖိစီးမှုကိုလျော့ကျစေကာ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးသည်။ ထို့ပြင် အမြင်အာရုံကိုလည်း ကောင်းမွန်စေသည်။

သတိပြုရန်လိုအပ်သော အချက်များ

သကြားမုန်လာဥစားသုံးပြီးနောက် ဆီး သို့မဟုတ် ဝမ်းအရောင်သည် အနီရောင်၊ ခရမ်းရောင်သန်း (Beeturia) သွားခြင်းသည် သဘာဝဖြစ်စဉ်တစ်ခုဖြစ်သောကြောင့် စိုးရိမ်စရာမရှိသော်လည်း သကြားမုန်လာဥတွင် Oxalates ပါဝင်မှု မြင့်မားသောကြောင့် ကျောက်ကပ် ကျောက်တည်ဖွဲ့သူများအနေဖြင့် အလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်သည်။ သကြားမုန်လာဥသည် သွေးဖိအားကို ကျစေသည့်အတွက် သွေးပေါင်ကျဆေး သောက်နေရသူများအနေဖြင့်လည်း အလွန်အကျွံစားသုံးပါက သွေးပေါင်အလွန်ကျသွားနိုင်သဖြင့် သတိပြုသင့်သည်။

အနှစ်ချုပ်

သကြားမုန်လာဥသည် သွေးပေါင်ထိန်းညှိပေးခြင်း၊ စိတ်ဖိစီးမှုကိုလျော့ကျစေခြင်း၊ သွေးအားနည်းရောဂါကိုကာကွယ်ပေးခြင်း၊ အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးခြင်း၊ အမြင်အာရုံ၊ အသည်းနှင့် ကျောက်ကပ်အားကောင်းစေခြင်း၊ လေဖြတ်ခြင်း နှင့် နှလုံးရောဂါဖြစ်ပွားခြင်းတို့မှ ကာကွယ်ပေးနိုင်သောကြောင့် ကျန်းမာရေးအတွက် အလွန်ဆေးဖက်ဝင်ပြီး အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သည့် အမြစ်ဥ သီးနှံတစ်မျိုးဖြစ်သည်။ ထို့ကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ သကြားမုန်လာဥကို သင့်တင့်မျှတစွာ စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

မှတ်ပုံတင်မော်တော်ယာဉ်များအား လုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအား လုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ဂွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖွဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၈၂၃၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၈၂၃၀ ထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားဧက ၈၂၃၀ ကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပဲတီစိမ်းများကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ပဲတီစိမ်းကို စုစုပေါင်း ဧက ၈၂၃၀ ထိ လျာထားစိုက်ပျိုးသွားဖို့ရှိပါတယ်။ စိုက်ပျိုးသွားမဲ့ ပဲတီစိမ်းတွေအရည်အသွေးကောင်းမွန်ဖို့ အဓိကထား လုပ်ဆောင်ပေးနေပါတယ်။ စိုက်ပျိုးမဲ့ ပဲတီစိမ်းတွေ ပိုးမွှားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၁၁၃ သိန်းကို ကွမ်လာကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကွမ်လာကျေးရွာရှိ နေကြာအန္တရာယ်ကင်းရှင်းဖို့၊ အထွက်နှုန်းတိုးစေဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ရှိပါတယ်။ လိုအပ်တဲ့သွင်းအားစုတွေကိုလဲ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ် ဆောင်းသီးနှံတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မစိုက်ပျိုးမီအချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ ဌာနပေါင်းစပ်ပြီး ဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ချောင်းဆုံမြို့နယ် ကွမ်လာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

ချောင်းဆုံ အောက်တိုဘာ ၃၀

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်လာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ စုရုပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၁၁၃ သိန်းကို ကွမ်လာကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကွမ်လာကျေးရွာရှိ နေကြာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်ထံမှ သိရသည်။

အထွေး

တို့ကဗျာ

- "အသေအလဲကောင်း ရေခဲချောင်း"တဲ့
ဈေးရောင်းသူလေး ဝမ်းစာရေးတွက်
ဟစ်ကြွေးညံစာ တို့ကဗျာ။

- "မြို့ရွာတစ်ခွင် သာစေချင်"တဲ့
စည်ပင်အလုပ် ရေးဖော်ထုတ်သည်
ဆိုင်းဘုတ်ပေါ်မှာ တို့ကဗျာ။

- "ဘာကြောင့်ရပ်ရပ် လမ်းဘေးကပ်"တဲ့
သတ်မှတ်စာတန်း ယာဉ်စည်းကမ်းတွက်
လမ်းညွှန်ချက်မှာ တို့ကဗျာ။

- ခွန်းထောက် သံချို ရတုဆိုလျက်
ငိုချင်း တေးထပ် ပြန်ကဟပ်နှင့်
ဇာတ်ပွဲကရာ တို့ကဗျာ။

- "ကြောင်ကြီးရယ်အို မြီးတံတို"တဲ့
"ငိုပါနဲ့လေး အိုအိုအေး"ဟု
မွေးမွေနှုတ်မှာ တို့ကဗျာ။

- "ပညာရွှေအိုး လူမခိုး"တဲ့
"ရိုးရိုးကျင့်မှန် မြင့်မြင့်ကြဲ"တဲ့
ကံ ဉာဏ်အားထုတ် ကောင်းအောင်လုပ်ဖို့
ဆောင်ပုဒ်ဝေဆာ တို့ကဗျာ။

- "မကောင်းမှုရှောင် ကောင်းမှုဆောင်လျက်
ဖြူအောင်စိတ်ထား"ကျင့်ကြံပွားဖို့
တရားထဲမှာ တို့ကဗျာ။

- ငါးဖြာဂုဏ် အနန္တဟု
တုပ်ကွရိကျိုး လက်စုံမိုးလျက်
မြတ်နိုးတတ်သော စိတ်မနောနှင့်
သြကာသမှာ တို့ကဗျာ။

- မြန်မာ့ရိုးရာ စဉ်အလာ၌
ဘယ်မှာလေ့လေ့ ကဗျာတွေ့လိမ့်
ဘယ်ကွေ့နှင်နှင် ကဗျာမြင်လိမ့်
ဘယ်တွင်ကြည့်ကြည့် ကဗျာရှိလျက်
စွဲငြိရင်မှာ ရတနာသို့
မြန်မာစင်စစ် ကဗျာချစ်၏
အမြစ်နှုတ်ယူ အဘယ်မူနှင့်
ဘယ်သူဖျက်ခွေ စွမ်းပါလေအံ့
တို့မြေ တို့ရေ တည်သမျှ
ကဗျာအလှ ထာဝရ။ ။

ချစ်စုအောင်

ဥရောပနိုင်ငံများနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထားရှိရန် ရည်ရွယ်သည့် မည်သည့်ခြေလှမ်းမျိုးမဆို ရုရှားသမ္မတ ကြိုဆို



မော်စကို အောက်တိုဘာ ၃၀

ဥရောပနိုင်ငံများနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ထားရှိရန် ရည်ရွယ်သည့် မည်သည့်ခြေလှမ်းမျိုးကိုမဆို ရုရှားနိုင်ငံက ကြိုဆိုသည်ဟု သမ္မတပူတင်က အောက်တိုဘာ ၂၉ ရက်တွင်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မော်စကိုမြို့၌ ကျင်းပခဲ့သော ရုရှား-အာဖရိက ထိပ်သီးညီလာခံပြီးဆုံးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ရုရှားသမ္မတ ပူတင်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် စစ်ကိုမလိုလားသော်လည်း ဥရောပနှင့် ဖြစ်ပွားနိုင်ခြေရှိသော စစ်ရေးပဋိပက္ခအတွက် ရုရှားနိုင်ငံက ပြင်ဆင်ထားကြောင်း သမ္မတ ပူတင်က ပြောကြားထားသည်။

သို့ရာတွင် ဥရောပနိုင်ငံများနှင့် ဆက်ဆံရေး ပြန်လည်ထားရှိမည့် မည်သည့် ခြေလှမ်းမျိုးကိုမဆို ရုရှားနိုင်ငံက ကြိုဆိုကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံနှင့် ဥရောပတို့ကြား မည်သည့်စစ်ရေးပဋိပက္ခမျိုး ဖြစ်ပွားခဲ့သည်ဖြစ်စေ အနိုင်ရသူရှိမည်မဟုတ်ကြောင်းလည်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဖင်လန်သမ္မတ အလက်နေးဒါးစတပ်ဘ်နှင့် နော်ဝေ ဝန်ကြီးချုပ် ယိုးနက်စ်ဂါးစတိုရီတို့နှင့် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံ၌ အီတလီ တပ်မတော်ရဟတ်ယာဉ် ပျက်ကျ၊ လူလေးဦးသေဆုံး

ဆာရာဂျေဗို အောက်တိုဘာ ၃၀

ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနားနိုင်ငံရှိ ဥရောပသမဂ္ဂ(အီးယူ) ငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်၌ ပါဝင်နေသော အီတလီ တပ်မတော် ရဟတ်ယာဉ်တစ်စင်း အောက်တိုဘာ ၂၉ ရက်တွင် ပျက်ကျခဲ့ရာ လူလေးဦးသေဆုံး၍ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အီတလီ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သူ လေးဦးအနက် နှစ်ဦးမှာ အီတလီတပ်ဖွဲ့ဝင်များဖြစ်ကြပြီး နှစ်ဦးမှာ အီတလီကြက်ခြေနီအဖွဲ့မှ အပျော်တမ်းတပ်ဖွဲ့ဝင်များ ဖြစ်ကြကြောင်း အီတလီ ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှာ စီအိတ်ချ်-၄၇ ချင်းနွှာခ်သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် ဖြစ်ပြီး လူ ၁၅ ဦး လိုက်ပါခဲ့ကာ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် ဒဏ်ရာရရှိသူ ၁၁ ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်း မရှိဘဲ ဆေးဝါးကုသမှုများ ခံယူနေကြောင်း သိရသည်။

လက်ရှိတွင် ရဟတ်ယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဥရောပသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဦးရေ ၁၂၀၀ ရှိသည့် ဥရောပသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့သည် ဘော့စ်နီးယားနှင့် ဟာဇီဂိုဗီးနား ငြိမ်းချမ်းမှုထိန်းသိမ်းရေး လုပ်ငန်းတာဝန်များကို ၂၀၀၄ ခုနှစ်တွင် မြောက်အတ္တလန်တိစ်စာချုပ်အဖွဲ့ (နေတိုး) ထံမှ လွှဲပြောင်း ရယူခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

ပါတီစည်းကမ်းများတင်းကျပ်ရေးဆိုင်ရာ လုပ်ငန်းအစီအမံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတည်ပြုလက်ခံ



ပေကျင်း အောက်တိုဘာ ၃၀

ပါတီဝင်များ လိုက်နာကြရသည့် စည်းမျဉ်းစည်းကမ်းများ တင်းကျပ်ရေးဆိုင်ရာ လုပ်ငန်းအစီအမံများကို တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက အောက်တိုဘာ ၂၉ ရက်တွင် အတည်ပြုလက်ခံခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ကျင်းပသည့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးနောက် ဆုံးရက်တွင် ပါတီစည်းကမ်းများ တင်းကျပ်ရေး လုပ်ငန်းအစီအမံများကို ဗဟိုကော်မတီက အတည်ပြုလက်ခံခဲ့ခြင်းဖြစ်သည်။

အဖွဲ့ဝင်ဦးရေ ၃၀၀၅၂၂ ပါဝင်သော ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးသည် ယခင်က သမ္မတရှီကျင့်ဖျင်အတွက် အာဏာပိုင်စိုးမှုကို ပိုမိုခိုင်မာစေသည့် အစည်းအဝေးများဖြစ်ခဲ့ကြသည်။

သို့ရာတွင် ယခုနှစ် ကွန်မြူနစ်ပါတီဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးတွင်သမ္မတရှီကျင့်ဖျင်သည် အများထင်ကြေးပေးထားသကဲ့သို့ ၎င်း၏ နိုင်ငံရေးရပ်တည်မှုအဆင့်ကို ဆက်လက်မြှင့်တင်ခဲ့ခြင်း ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်ကို ၁၄ နှစ်ကြာ ဖိဖိစီးစီးဆောင်ရွက်ခဲ့ရာတွင် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်များ အပါအဝင် တာဝန်ရှိသူရာပေါင်းများစွာတို့ ပါတီမှထုတ်ပယ်ခံခဲ့ရကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ လေကြောင်းရန်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှု မြောက်ကိုရီးယား ဝေဖန်ပြောကြား

ပြုံယမ်း အောက်တိုဘာ ၃၀

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ လေကြောင်းရန်ကာကွယ်ရေး စစ်ရေးလေ့ကျင့်မှုများကို မြောက်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက ဝေဖန် ပြောကြားထားကြောင်း ကေစီအင်နအေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ လေကြောင်းရန်ကာကွယ်ရေး လေ့ကျင့်မှုကြောင့် ကိုရီးယား ကျွန်းဆွယ်ဒေသ၌ တင်းမာမှုများ မြင့်တက်လာနိုင်ကြောင်း မြောက်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံနှင့် သစ္စာခံတပ်များ၏ စစ်ရေး ခြိမ်းခြောက်မှုများကို ထိရောက်စွာ ကိုင်တွယ်နိုင်စွမ်းရှိရေး အတွက် စစ်ရေးအရံအတားကို ဆက်ထိန်းထားနိုင်ရန် မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် နည်းလမ်းမှန်သမျှအသုံးချမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ သတိပေးထားသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ဖရီးဒမ်းဖလက်ဂ် လေကြောင်းရန်ကာကွယ် စစ်ရေးလေ့ကျင့်မှုများကို အောက်တိုဘာ ၂၆ ရက်တွင် စတင်ပြုလုပ်ခဲ့သည်။

ဖရီးဒမ်းဖလက်ဂ် လေကြောင်းရန်ကာကွယ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုကို လာမည့်နိုဝင်ဘာ ၆ ရက်ထိ ပြုလုပ်ရန်စီစဉ်ထားကြောင်း တောင်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားလေတပ်မှ အက်ဖ် ၃၅ အေတိုက်လေယာဉ်များနှင့် အမေရိကန်မရိုန်းတပ်ဖွဲ့မှ အက်ဖ် ၃၅ ဘီ တိုက်လေယာဉ်များ ပါဝင်ကြောင်းသိရသည်။

Ref : RT

Trs : KKO

ဘူလာဗာတိုက်ချင်းပစ်ဒုံးကျည် ရုရှားရေတပ်စမ်းသပ်



မော်စကို အောက်တိုဘာ ၃၀

ရုရှားရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးဖြစ်သည့် ဂျင်နရယ်လစ်ဆီမက်ဆူဗိုရော့ဗ် ရေငုပ်သင်္ဘောသည် ဘူလာဗာ တိုက်ချင်းပစ်ဒုံးကျည် တစ်စင်းကို ပင်လယ်ရေအောက်မှတစ်ဆင့် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက အောက်တိုဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျင်နရယ်လစ်ဆီမက်ဆူဗိုရော့ဗ် ရေငုပ်သင်္ဘောသည် ဘူလာဗာ တိုက်ချင်းပစ် ဒုံးကျည်စမ်းသပ်မှုကို အောက်တိုဘာ ၂၈ ရက်တွင် အိုချေါပင်လယ်ဒေသ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်ပစ်လွှတ်မှု လုပ်ငန်းစဉ်အတွင်း ဂျင်နရယ်လစ်ဆီမက်ဆူဗိုရော့ဗ် ရေငုပ်သင်္ဘောသည် ဘူလာဗာတိုက်ချင်းပစ် ဒုံးကျည်ကိုအိုချေါ ပင်လယ်မှ တစ်ဆင့် အာခန်ဂျက်ခ်ဒေသ စက်ပစ်ကွင်းရှိရာဆီသို့ ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။


ဘူလာဗာ တိုက်ချင်းပစ် ဒုံးကျည်သည် ပင်လယ်ရေအောက်မှတစ်ဆင့် ပစ်လွှတ်နိုင်ပြီး အကွာအဝေး မိုင် ၅၁၀၀ ထိ ပျံသန်းနိုင်ကြောင်း သိရသည်။

ရုရှားရေတပ် ပစိဖိတ်ရေတပ်အုပ်စုမှ ဂျင်နရယ်လစ်ဆီမက်ဆူဗိုရော့ဗ် ရေငုပ်သင်္ဘောသည် တန်ချိန် ၂၄၀၀၀ နှင့်ကိုယ်ထည် အလျား ၅၅၈ ပေရှိသော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော ဖြစ်ပြီး ဘူလာဗာတိုက်ချင်းပစ် ဒုံးကျည် ၁၆ စင်းထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

တရုတ်နိုင်ငံ၏ ရှန်လောင်းလျှို့ဝှက်အာကာသယာဉ်ပျံကို အမေရိကန်ဂြိုဟ်တုတစ်စင်းက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့



ဝါရှင်တန် အောက်တိုဘာ ၃၀

တရုတ်နိုင်ငံ၏ ရှန်လောင်း အမည်ရှိ လျှို့ဝှက်အာကာသယာဉ်ပျံကို အမေရိကန် ဂြိုဟ်တုတစ်စင်းက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဓာတ်ပုံကို အမေရိကန်နိုင်ငံအခြေစိုက် ဗင်တာဂြိုဟ်တုကုမ္ပဏီ၏ World View-3 ဂြိုဟ်တုက ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံထဲတွင် အခြား အာကာသယာဉ်တစ်စင်း နှင့် ချိတ်ဆက်ပျံသန်းနေသည့် ရှန်လောင်းအာကာသယာဉ်ပျံကို တွေ့မြင်နိုင်သည်ဟု အမေရိကန် တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

ဗင်တာကုမ္ပဏီ၏ World View -3 ဂြိုဟ်တုသည် ရှန်လောင်း အာကာသယာဉ်ပျံကို ၅၆ မိုင် အကွာအဝေးမှတစ်ဆင့် ဓာတ်ပုံရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ရှန်လောင်း လျှို့ဝှက် အာကာသယာဉ်ပျံကို ၂၀၂၄ ခုနှစ်တွင် တတိယမြောက် မစ်ရှင်အဖြစ် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ရှန်လောင်း အာကာသယာဉ်ပျံကို စတုတ္ထ မြောက် မစ်ရှင်အဖြစ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံကဲ့သို့ပင် အမေရိကန်နိုင်ငံသည်လည်း အိတ်စ် ၃၇ ဘီ အမည်ရှိ လျှို့ဝှက်အာကာသယာဉ်ပျံကို လွှတ်တင်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

Pantethine ဖြည့်စွက်ဆေးသောက်သုံးခြင်းဖြင့် ဆာရိုက်ဆစ်ရောဂါလက္ခဏာများကို ကုသနိုင်

ပေကျင်း အောက်တိုဘာ ၃၀

Pantethine ဖြည့်စွက်ဆေးသည် ဆာရိုက်ဆစ် (Psoriasis) ခေါ် အရေပြားရောဂါလက္ခဏာများကို ကုသပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Pantethine ဖြည့်စွက်ဆေးသည် ဗီတာမင်-ဘီ ၅ မှ ဆင့်ပွားထုတ်ယူထားသည့် ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်ပြီး ဆာရိုက်ဆစ်အရေပြားရောဂါအတွက် တာဝန်ရှိသည့် ခုခံအားစနစ်ဆဲလ်များကို ဖိနှိပ်ပေးနိုင်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆာရိုက်ဆစ်လူနာများအနေဖြင့် Pantethine ဖြည့်စွက်ဆေးကို တစ်ရက်လျှင် နှစ်လုံးနှုန်းဖြင့် ပုံမှန်ဆေးဝါးများနှင့် တွဲဖက်အသုံးပြုပါက ဆာရိုက်ဆစ်ရောဂါလက္ခဏာများကို ကုသပေးနိုင်ကြောင်း၊ ဆေး၏ အကျိုးကျေးဇူးကို သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့် မြင့်မားသည့် ဆာရိုက်ဆစ်လူနာများတွင်အထင်ရှားဆုံးတွေ့မြင်ရကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ဆာရိုက်ဆစ်အရေပြားရောဂါသည် ခုခံအားစနစ်ဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သည့် အရေပြားရောဂါတစ်မျိုးဖြစ်ပြီး လက်ရှိအချိန်တွင် ကုထုံးမရှိသေးပေ။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်သည် ဆာရိုက်ဆစ်အရေပြားရောဂါအတွက် ကုန်ကျစရိတ်သက်သာသည့် ကုထုံးတစ်မျိုး ပေါ်ထွက်လာရေးအတွက် လမ်းဖွင့်ပေးနိုင်ကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO


ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်က ဂြိုဟ်တစ်စင်းအဖြစ် ပီပီပြင်ပြင်မသတ်မှတ်နိုင်သော အာကာသဒြပ်ထည်တစ်ခုကို နေအဖွဲ့အစည်းအတွင်း ရှာဖွေတွေ့ရှိထား

ဝါရှင်တန် အောက်တိုဘာ ၃၀

ချီလီနိုင်ငံအခြေစိုက် ဗီရာစီရူဘင်ရေဒီယိုတယ်လီစကုပ်သည် ဂြိုဟ်တစ်စင်းအဖြစ် ပီပီပြင်ပြင် မသတ်မှတ်နိုင်သော ဂြိုဟ်ငယ်တစ်စင်းအဖြစ် ယူဆရသည့် အာကာသဒြပ်ထည်တစ်ခုကို နေအဖွဲ့အစည်းအတွင်း ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အာကာသဒြပ်ထည်သည် ပလူတို၏ နေပတ်လမ်းအလွန်၌ နေရာယူ၍ နေကိုလှည့်ပတ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗီရာစီရူဘင် ရေဒီယိုတယ်လီစကုပ်က တွေ့ရှိထားသည့် အဆိုပါ အာကာသဒြပ်ထည်ကို 2026 ED 138 ဟူ၍ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။



ကနဦးတိုင်းတာချက်များအရ 2026 ED 138 အာကာသဒြပ်ထည်သည်ပလူတို၏နေပတ်လမ်းအလွန်၌တည်ရှိသည့် ဂြိုဟ်ငယ်များအနက် အကြီးဆုံး ဂြိုဟ်ငယ်များထဲတွင် ပါဝင်နေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

2026 ED 138 အာကာသဒြပ်ထည်သည် အရွယ်အစားအားဖြင့် အချင်းကီလိုမီတာ ၁၀၀၀ (မိုင် ၆၂၀)ထိ ရှိနိုင်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

2026 ED 138 အာကာသဒြပ်ထည်သည် ပလူတို၏ နေပတ်လမ်းအလွန်၌ နှစ်ပေါင်း ၂၀ အတွင်း ရှာဖွေတွေ့ရှိဖူးသမျှ အာကာသဒြပ်ထည်များအနက် အရွယ်အစား အကြီးဆုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

ကောင်းဘွိုင်စပေ့စ်ကုမ္ပဏီက Big Iron ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့

ဝါရှင်တန် အောက်တိုဘာ ၃၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် ကောင်းဘွိုင်စပေ့စ် ကုမ္ပဏီသည် Big Iron ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကောင်းဘွိုင်စပေ့စ် ကုမ္ပဏီသည် Big Iron ဒုံးပျံကို လူ့ဉာဏ်ရည်တုနည်းပညာ (AI) သတင်းအချက်အလက် ဂြိုဟ်တုကွန်ရက် တည်ဆောက်ရေးအတွက် အသုံးပြုရန် စီစဉ်ထားသည်။

Big Iron ဒုံးပျံသည် ကိုယ်ထည်အလျား ၂၈၂ ပေရှိပြီးကလိုက် ဒက်စဒဲလ်အမျိုးအစား ဒုံးအင်ဂျင်များ တပ်ဆင်ထားကြောင်း သိရသည်။

ကောင်းဘွိုင်စပေ့စ်ကုမ္ပဏီသည် AI သတင်းအချက်အလက် ဂြိုဟ်တုအစင်း ၂၀၀၀၀ ပါဝင်မည့် ဂြိုဟ်တုကွန်ရက်တစ်ခုကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းတွင် တည်ဆောက်ရေးအတွက် Big Iron ဒုံးပျံကိုအသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Stampede အမည်ရှိ အဆိုပါ ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်ရာတွင် Big Iron ဒုံးပျံတစ်စင်းလျှင် AI ဂြိုဟ်တုတစ်စင်းနှုန်းဖြင့် လွှတ်တင်မည်ဖြစ်ရာ Big Iron မစ်ရှင်ပေါင်း ၂၀၀၀၀ ထိ လွှတ်တင်ရမည် ဖြစ်ကြောင်း သိရသည်။

ကောင်းဘွိုင်စပေ့စ်ကုမ္ပဏီသည် ၂၀၂၈ ခုနှစ် နှောင်းပိုင်းတွင် Big Iron ဒုံးပျံကို ပထမဆုံးအကြိမ် လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း ကောင်းဘွိုင်စပေ့စ် ကုမ္ပဏီမှ သိရသည်။

Ref : Sputnik News

Trs : KKO

မျိုးဗီဇပုံစံပြောင်းလဲမှုနည်းပညာတစ်မျိုးက အယ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်ဖွယ်ရှိ

လန်ဒန် အောက်တိုဘာ ၃၀

မျိုးဗီဇပုံစံပြောင်းလဲမှု နည်းပညာတစ်မျိုးသည် အယ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ ဘရစ္စတိုးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေကို မြင့်တက်စေနိုင်သော APO E4 အမည်ရှိ မျိုးဗီဇကို အယ်ဇိုင်းမား ဖြစ်ပွားနိုင်ခြေ နည်းပါးသည့် APO E3 မျိုးဗီဇ အဖြစ် အထူးနည်းပညာတစ်မျိုးကို အသုံးပြု၍ ပြောင်းလဲနိုင်ခဲ့ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အဆိုပါမျိုးဗီဇပုံစံပြောင်းလဲမှုနည်းပညာသည် အယ်ဇိုင်းမားရောဂါကို ကာကွယ်ရေး၊ ကုသရေးတို့အတွက် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အယ်ဇိုင်းမားရောဂါသည် အဖြစ်အများဆုံး ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှု ရောဂါပုံစံ တစ်မျိုးဖြစ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အယ်ဇိုင်းမားရောဂါ ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားကို တိတိကျကျမသိရသေးဘဲ မျိုးဗီဇအပါအဝင် နောက်ခံအကြောင်းတရား အမျိုးမျိုးတို့ကြောင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်ထိုးသတ်ရန် ကြံခိုင်မှုပြည့်ဝပြီဖြစ်ကြောင်း ဂျိုရှုအာဗန်အတည်ပြု

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာဖိုက်တာ ဂျိုရှုအာဗန်က UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထိုးသတ်ရန် ကြံခိုင်မှုပြည့်ဝပြီဖြစ်ကြောင်း ၎င်း၏လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုရှုအာဗန်သည် ပြီးခဲ့သည့် ၎င်း၏ UFC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် အဖြစ် ထိုးသတ်ခဲ့သည့်ဘရာဇီး ဖိုက်တာ ပန်တိုဂျာနှင့်ပွဲစဉ်မတိုင် မီကတည်းက ပခုံးဒဏ်ရာရရှိထား ခြင်းဖြစ်ပြီး ပန်တိုဂျာနှင့်ပွဲစဉ်တွင် ဒဏ်ရာဖြင့် ထိုးသတ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ဂျိုရှုအာဗန်သည် နောက်ထပ် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထိုးသတ်ရန် ယနေ့တွင် ၎င်း၏ဆေးအဖွဲ့ဝင် များဖြင့် ပခုံးဒဏ်ရာစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ဒဏ်ရာကင်းရှင်း ကြောင်း ဆေးအဖွဲ့က အတည်ပြု ခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် တတိယ အကြိမ်မြောက် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက် ကျင်းပမည့် UFC 336 ပြိုင်ပွဲတွင် ပေါ်တူဂီဖိုက်တာ မာနယ်ကပ်နှင့် ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် ပထမအကြိမ် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် အဖြစ် ဂျပန်ဖိုက်တာ တိုင်ရာနှင့် ထိုးသတ်ခဲ့ရာ အလဲထိုးဖြင့် အနိုင် ရခဲ့သကဲ့သို့ ဒုတိယမြောက် ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၀ ရက် က ချန်ပီယံဟောင်း ပန်တိုဂျာနှင့် ထိုးသတ်ခဲ့ရာတွင်လည်း ခိုင်အမှတ် ဖြင့်အနိုင်ရခဲ့ပြီး ဒုတိယအကြိမ် ချန်ပီယံခါးပတ် ကာကွယ်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

STA

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုက မြန်မာယူ-၁၅ အသင်းကစားသမားများကို လာရောက် တွေ့ဆုံနှုတ်ဆက်



ရန်ကုန် အောက်တိုဘာ ၃၀

အဇာဘိုင်ဂျန်နိုင်ငံတွင် ကျင်းပ နေသည့် ဖီဖာယူ-၁၅ ကမ္ဘာ့ဖလား နှင့် ဘောလုံးပွဲတော် ဝင်ရောက် ကစားနေသော မြန်မာယူ-၁၅ အသင်းကို ယနေ့တွင် ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌ အင်ဖန်တီနိုကိုယ်တိုင် လေ့ကျင့်ရေး ကွင်းတွင်လာရောက်ပြီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မြန်မာယူ-၁၅ အသင်းသည် ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် အုပ်စုပွဲစဉ် များကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲ သရေ၊ နှစ်ပွဲရှုံး ရလဒ်ရရှိခဲ့ပြီး နောက် Tier-D အဆင့် ဆက်လက် ကစားခဲ့ရခြင်းဖြစ်သည်။

Tier-D အဆင့် ဆက်လက် ကစားခဲ့ရာတွင်လည်း အိုမန် အသင်းကို သုံးဂိုး ဂိုးမရှိ၊ မောရစ်ရှ အသင်းကို ငါးဂိုး ခြောက်ဂိုး၊ ဘော့ဆွာနာအသင်းကို သုံးဂိုး လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး တိုဂိုအသင်း ကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ နောက်ဆုံးပွဲစဉ်အဖြစ် ဘာကီနာ ဖာဆိုအသင်းနှင့် ယနေ့တွင်ကစား ခဲ့ရာ လေးဂိုးတစ်ဂိုးဖြင့် အနိုင် ရခဲ့သည်။

မြန်မာယူ-၁၅အသင်းနှင့်ဘာကီ နာဖာဆိုအသင်းတို့ ယနေ့ကစား ခဲ့သည့် ပွဲစဉ်မတိုင်မီ လေ့ကျင့်ရေး ကွင်းတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနို လာရောက်ခဲ့ပြီး ကစားသမားများ ကို တစ်ဦးချင်းရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ အားပေးစကား ပြောကြားခဲ့ပြီးနောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ဖီဖာယူ-၁၅ ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ၁၉၁ နိုင်ငံမှ အသင်း များ ပါဝင်ကစားနေကြောင်း သိရသည်။

STA

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) တွင် ISPE အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကိုယ်စီအနိုင်ရ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ က ကြီးမှူးကျင်းပနေသည့် မြန်မာ လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကိုယ်စီ အနိုင်ရခဲ့ကြောင်းသိရသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ် များအဖြစ် ယနေ့ညနေ ၃နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် ISPE အသင်းနှင့် ရတနာပုံအက်ဖ် စီအသင်းတို့ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင် ရပြီး ISPE အသင်းအတွက် သွင်းဂိုး များကို ပွဲချိန် ၂၆ မိနစ်တွင် Ci Yan Poh၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် ခိုင်ရဲဝင်း တို့ကသွင်းယူခဲ့ပြီး ရတနာပုံ အက်ဖ်စီအသင်းအတွက် သွင်းဂိုး ကို ပွဲချိန် ၁၁ မိနစ်တွင် Joao Victor က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရန်ကုန် စီးတီးအသင်းတို့ ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ရန်ကုန် စီးတီးအသင်းအတွက် သွင်းဂိုးများ ကို ပွဲချိန် ၂၆ မိနစ်တွင် Gilmar၊ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် ဝင်းနိုင်ထွန်း၊ ပွဲချိန် ၉၀ ပြည့်ပြီး အချိန်ပို၁၊မိနစ်တွင် Tsuchiya တို့က သွင်းယူခဲ့ပြီး မြဝတီအက်ဖ်စီအသင်း အတွက် သွင်းဂိုးကို ပွဲချိန်မိနစ် ၄၀ တွင် သော်ဇင်ထွေးက သွင်းယူခဲ့သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ် များအဖြစ် အောက်တိုဘာ ၃၁ရက် တွင် ပုသိမ်မြို့ ကျောက်တိုင်အား ကစားကွင်း၌ ဧရာဝတီယူနိုက် တက်အသင်းနှင့် ရန်ကုန်ယူနိုက် တက်အသင်း၊ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်း ယူနိုက်တက်အသင်းနှင့် ဒဂုံစတား အသင်းတို့ ဆက်လက်ကစားမည် ဖြစ်ကြောင်း သိရသည်။

STA

ဂျပန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ရိုင်ဘာကီနာ ဒဏ်ရာကြောင့်ပြိုင်ပွဲမှ နုတ်ထွက်



တိုကျို အောက်တိုဘာ ၃၀

ဂျပန်နိုင်ငံတွင် ကျင်းပနေသည့် ဂျပန်အိုးပင်း အမျိုးသမီးတစ်ဦး ချင်းတင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့ အဆင့်(၁)ကာဇက်စတန် တင်းနစ် မယ် ရိုင်ဘာကီနာက ကွာတား ဖိုင်နယ်ပွဲစဉ်မတိုင်မီ လည်ပင်း ဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက် ခဲ့ရကြောင်း AGTP Tennis သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြ ခဲ့သည်။

ရိုင်ကာကီနာသည် ဂျပန် အိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ တွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေ အဆင့်(၁) သတ်မှတ်ခံထားရသူ ဖြစ်ပြီး ၁၆ သင်းရှုံးထွက်အဆင့် ပွဲစဉ်တွင် တစ်နိုင်ငံတည်းသူ ပူတင်ဆီဗာကို အနိုင်ရကာ ကွာတားဖိုင်နယ်အဆင့် တက် ရောက်ခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် ဂျပန် အိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ် အဖြစ် ယနေ့တွင် ကနေဒါတင်းနစ် မယ် ဖာနန်ဒက်နှင့်ကစားရမည် ဖြစ်သော်လည်း ကွာတားဖိုင်နယ် ပွဲစဉ်မတိုင်မီ လည်ပင်းရောင်သည့် ဝေဒနာကြောင့်ဆေးကုသမှုခံယူနေ ရသည့်အတွက်ပွဲစဉ် ဆက်လက် ကစားနိုင်ခြင်းမရှိဘဲ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ရိုင်ဘာကီနာက “ကျွန်မ အတွက် စိတ်မကောင်းစရာ သတင်းပါ။ လည်ပင်းရောင်ပြီး ဆေးကုသမှု ခံယူနေရတာကြောင့် ပြိုင်ပွဲက နုတ်ထွက်ဖို့ဆုံးဖြတ် လိုက်ရတာပါ။ ဆေးအဖွဲ့ကလဲ ပြိုင်ပွဲဆက်လက် ကစားဖို့အသင့် မဖြစ်ဘူးလို့ပြောခဲ့လို့ပါ။ WTA Finals ပြိုင်ပွဲမှာတော့ အသင့်ဖြစ် နိုင်ဖို့မျှော်လင့်ပါတယ်” ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : AGTP Tennis

Trs : STA

အယ်လ်ခိုလော့အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဟက်ထရစ်သွင်းဂိုး သွင်းယူခဲ့သည့် အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒို သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် နီးစပ်လာ

ရီယာဒ် အောက်တိုဘာ ၃၀

အယ်လ်နာဆာ အသင်းမှ စီရော်နယ်ဒိုသည် ဆော်ဒီပရိုလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ နံနက်ပိုင်းက ကစားခဲ့သည့် အယ်လ်နာဆာ အသင်းနှင့် အယ်လ်ခိုလော့အသင်းတို့ ပွဲစဉ် တွင် ဟက်ထရစ်သွင်းဂိုး သွင်းယူ ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် သွင်းဂိုး ၁၀၀၀ ပြည့်မြောက်သည့် ပထမဆုံး ကစားသမားဖြစ်လာရန် နီးစပ်နေကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြသည်။



စီရော်နယ်ဒိုသည် အယ်လ်နာ ဆာအသင်းက အယ်လ်ခိုလော့ အသင်းကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၆၇ မိနစ်၊ ၇၂ မိနစ်၊ ၈၁ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ် သွင်းဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် စီရော်နယ်ဒို သည် ဟက်ထရစ်သွင်းဂိုးသွင်းယူ ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် သွင်းဂိုး ၉၈၄ ဂိုးထိရှိလာခဲ့သည့်အတွက် ယခုနှစ်ဘောလုံးရာသီ မကုန်ဆုံးမီ သွင်းဂိုး ၁၀၀၀ ပြည့်မြောက်ရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။

ဘောလုံးလောကတွင် ပရော် ဖက်ရှင်နယ်သွင်းဂိုး ၁၀၀၀ ပြည့် မြောက်သည့် ကစားသမား တစ်ဦးမျှမရှိခဲ့ဘဲ ယခုအခါမှသာ စီရော်နယ်ဒိုက သွင်းဂိုး ၁၀၀၀ ပြည့်မြောက်မည့် ပထမဆုံး ကစားသမားအဖြစ် ရပ်တည်နိုင် ရန် နီးစပ်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ လီဗာပူးအသင်း၊ ဂျူဗင်တပ်အသင်း၊ ဆိုစီဒက်အသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ် တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေများနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကိုအားပေးရအုံးမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့ညမှာတော့ ပရိသတ်အကြိုက်များတဲ့ ပရီးမီးယားလိဂ်က မန်ယူအသင်း အိမ်ကွင်းမှာဂိုးပြတ်ရှုံးပွဲကြုံခဲ့သလို ဘရန့်ဖို့ဒ်အသင်းကလဲ ဟူးလ်စီးတီးအသင်းကို အနိုင်မကစားနိုင်ဘဲ ရမှတ်ခွဲယူခဲ့ရတာကို တွေ့ရမှာပါ။ ကျန်တဲ့ထိပ်တန်းလိဂ်တွေမှာတော့ အသင်းကြီးအားလုံးရလဒ်ကောင်းခဲ့တာကို သတိပြုရမှာပါ။ လာမဲ့တနင်္ဂနွေနေ့ညမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုထဲက အသင်းလိုက်ကစားအားကောင်းပြီး တိုက်စစ်ကစားပုံထက်မြက်နေတဲ့ လီဗာပူးအသင်း၊ ဂျူဗင်တပ်အသင်း၊ ဆိုစီဒက်အသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

လီဗာပူးအသင်းကို အားပေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၉)မှာ အကြိုက်တွေ့မိတာကတော့ လီဗာပူးအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဗာပူးအသင်းကတော့ ရာသီအစမှာ ခံစစ်ကစားပုံအားနည်းချက်တွေကြောင့် ရမှတ်တွေခွဲပေးလိုက်ရပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံပြန်လည်ပြင်ဆင်နိုင်ခဲ့လို့ ရလဒ်ပိုင်းတိုးတက်လာတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ ပရီးမီးယားလိဂ် ရှစ်ပွဲကစားအပြီးမှာတော့ လေးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်နဲ့ ရမှတ် ၁၅ မှတ်ထိ ရခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့် (၄)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ကတော့ ဇယားထိပ်က မန်စီးတီးနဲ့ ရမှတ် ခြောက်မှတ်ကွာဟနေတာကြောင့် အခုပွဲကို နိုင်ပွဲရမှသာ အခွင့်အရေးရမှာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ အသင်းတိုက်စစ်ပိုင်းက သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့ ပြိုင်ပွဲစုံ ၁၃ ပွဲဆက်မှာလဲ တစ်ပွဲသာရှုံးထားတဲ့ ခြေစွမ်းပိုင်းက အဝေးကွင်းရောက်ရင် ခံစစ်ပိုင်းအားနည်းချက်ရှိတဲ့ အာဆင်နယ်အသင်းကို ယှဉ်ကစားနိုင်မှာ သေချာပါတယ်။

လက်ရှိချန်ပီယံအာဆင်နယ်အသင်းကတော့ နည်းပြအာတီတာလက်အောက်မှာ အကောင်းဆုံးပုံစံရရှိနေပေမဲ့ အဆုံးအဖြတ်ပွဲတွေမှာတော့ နိုင်ပွဲရဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ဖလားပွဲမှာ အင်္ဂလန်ဒုတိယတန်းကလပ်က ဖလက်ဝုဒ်အသင်းကိုရှုံးခဲ့လို့ ပြိုင်ပွဲက ထွက်ခဲ့ရတာကို တွေ့ရမှာပါ။ အာဆင်နယ်အသင်းရဲ့ အဝေးကွင်းခြေစွမ်းက ခြေစွမ်းပိုင်းအားနည်းတဲ့ အသင်းငယ်တွေကိုတောင် ဂိုးပေးနေရတာဖြစ်လို့ လီဗာပူးလို တိုက်စစ်ပိုင်းကောင်းတဲ့ အသင်းကိုတော့ ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ ခက်မှာပါ။ လက်ရှိ အမှတ်ပေးပွဲ ရှစ်ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ ရမှတ် ၂၁ မှတ်ရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့် (၂)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ လီဗာပူးက နှစ်ပွဲနိုင်၊ သုံးပွဲသရေ ရလဒ်နဲ့ အသာရထားတာကြောင့် အခုပွဲမှာလဲ အိမ်ရှင်အားသာချက်နဲ့ တိုက်စစ်ပိုင်းကောင်းတဲ့ လီဗာပူးအသင်းကိုပဲ အားပေးရမှာပါ။

လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လက်လင့်	၃	-	၆	လီဗာပူး
ဘရန့်ဖို့ဒ်	၁	-	၂	လီဗာပူး
လီဗာပူး	၄	-	၃	ဗီလာရီးရဲလ်
လီဗာပူး	၂	-	၀	ဘရိုက်တန်
လီဗာပူး	၁	-	၁	ချဲလ်ဆီး

အာဆင်နယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အာဆင်နယ်	၃	-	၀	လိုင်လီ
နော်တင်ဟမ်	၀	-	၁	အာဆင်နယ်
ဘိုင်ယန်မြူးနစ်	၂	-	၂	အာဆင်နယ်
အာဆင်နယ်	၂	-	၀	အဲဗာတန်
ဖလက်ဝုဒ်	၁	-	၁	အာဆင်နယ်

ဂျူဗင်တပ်အသင်းနဲ့ လက်တွဲရမှာပါ

အီတလီစီးရီးအေပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့တာကတော့ ဂျူဗင်တပ်အသင်းနဲ့ နာပိုလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ အရင်က စီးရီးအေပြိုင်ပွဲမှာ အောင်မြင်မှုတွေရယူနိုင်တဲ့ အသင်းဖြစ်ပေမဲ့ လက်ရှိမှာတော့ နည်းပြနဲ့ကစားသမားကြား နားလည်မှုမရသေးဘဲ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ကိုးပွဲအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၄ မှတ်သာရခဲ့တာကြောင့် အဆင့်(၈)မှာ ရောက်ရှိနေပြီး ဥရောပဝင်ခွင့်တစ်နေရာအတွက် ကြိုးပမ်းနေရတာကို တွေ့ရမှာပါ။ ဂျူဗင်တပ်အသင်းဟာ အခုနှစ်မှာတော့ နည်းပြစပယ်လက်တီကိုခန့်အပ်ခဲ့ပြီး အောင်မြင်မှုရဖို့ ကြိုးပမ်းနေပေမဲ့ ရလဒ်ပိုင်းသိသိသာသာ တိုးတက်လာခြင်းမရှိသေးဘဲ ခံစစ်ပိုင်းက အားနည်းချက်ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲမှာ ပြီးခဲ့တဲ့အမှားတွေကိုပြင်ဆင်နိုင်မယ်ဆိုရင်တော့ နာပိုလီအသင်းလို အဝေးကွင်းကစားပုံတည်ငြိမ်မှုမရှိတဲ့အသင်းကို ထိန်းချုပ်ကစားနိုင်မှာ သေချာပါတယ်။

နာပိုလီအသင်းကလဲ အခုနှစ်မှာ နည်းပြအယ်လီဂရီကို ခန့်အပ်ခဲ့ပြီး အောင်မြင်မှုရဖို့ ကြိုးပမ်းလာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ စီးရီးအေ ကိုးပွဲအပြီးမှာ ရမှတ် ၁၄ မှတ်ရခဲ့တာကြောင့် အဆင့် (၇)မှာရပ်တည်နေပြီး အဆင့်(၁)က အင်တာမီလန်နဲ့ ရမှတ် ၁၁ မှတ်ထိ ပြတ်သွားခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းအမျိုးမျိုးပြောင်းလဲခဲ့ပေမဲ့ ခံစစ်ကစားပုံက ဒုတိယပိုင်းမှာ ကျဆင်းနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ ပွဲတိုင်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းမှာလဲ လိုဘော့ကာ၊ နီရက်စ်၊ ဆန်းတို့စ်၊ ဘာဒီယာရှီးတို့လို ကစားသမားကောင်းတွေ ဒဏ်ရာကြောင့် ကစားနိုင်ခြင်းမရှိတာကလဲ အသင်းကြီးတွေနဲ့ ပွဲတွေမှာ နိုင်ပွဲရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာတော့ ဂျူဗင်တပ်အသင်းက အသာရထားသလို နောက်ဆုံးကစားခဲ့တဲ့ ဂျူဗင်တပ်အသင်းအိမ်ကွင်းသုံးပွဲမှာလဲ နာပိုလီအသင်းနိုင်ပွဲမရခဲ့တာကြောင့် အခုပွဲမှာ ဂျူဗင်တပ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဆဲလ်တာဗီဂို	၁	-	၂	ဂျူဗင်တပ်
ဂျူဗင်တပ်	၀	-	၃	လာဇီယို
ဂျူဗင်တပ်	၂	-	၂	ရင်းနက်
လက်ချီ	၀	-	၂	ဂျူဗင်တပ်
ဂျီနိုအာ	၂	-	၀	ဂျူဗင်တပ်

နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဗီလာရီးရဲလ်	၃	-	၁	နာပိုလီ
ဗီနီဇီယာ	၁	-	၀	နာပိုလီ
နာပိုလီ	၄	-	၃	ဘိုဒို့ဂလင့်
နာပိုလီ	၃	-	၃	ရိုးမား
မွန်ဇာ	၁	-	၄	နာပိုလီ

ဆိုစီဒက်အသင်းကို ရွေးချယ်ရမှာပါ

စပိန်လာလီဂါပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုအသင်းနဲ့ ဆိုစီဒက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ လာလီဂါမှာ ပြိုင်ဘက်ကောင်းတွေဖြစ်ပြီး ထိပ်တိုက်တွေ့ဆုံမှုတွေမှာ ပြိုင်ဆိုင်မှုပြင်းထန်တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ဘောလုံးရာသီတွေ့ဆုံမှုလေးကြိမ်မှာ ဆိုစီဒက်အသင်းက သုံးပွဲနိုင် တစ်ပွဲသရေရလဒ်နဲ့ အသာရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ နှစ်သင်းစလုံးခြေစွမ်းပိုင်းအတက်ဘက်ရောက်လာပေမဲ့ တိုက်စစ်ကစားပုံက ဆိုစီဒက်အသင်းက ပိုကောင်းနေတယ်လို့ ဆိုရမှာပါ။ ဘီလ်ဘာအိုအသင်းဟာ အခုရာသီလာလီဂါကိုးပွဲအပြီးမှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၁၂ မှတ်သာရခဲ့တာကြောင့် အဆင့်(၈)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့ အသင်းတိုက်စစ်ဟာ နစ်ကိုးဝိလျံနဲ့ အီနာကီဝီလျံတို့ ခြေစွမ်းပြနိုင်ရင် ဂိုးရဖို့လွယ်နေပြီး ဒီကစားသမားတွေ ဂိုးမသွင်းနိုင်ရင်တော့ အယ်ချီ အလာဗက်တို့လို အသင်းတွေကိုတောင် အိမ်ကွင်းမှာ ရမှတ်ခွဲပေးရတာကို သတိပြုရမှာပါ။

ဆိုစီဒက်အသင်းကတော့ အခုရာသီမှာ ခံစစ်ပိုင်းဖြည့်တင်းနိုင်ခဲ့သလို တိုက်စစ်ပိုင်းကလဲ အိုရာဇာဘယ်ပုံမှန်ခြေစွမ်းပြနိုင်တာကြောင့် ရလဒ်ပိုင်းကောင်းနေတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပွဲ ၁၈ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲသာရှုံးခဲ့ပြီး ရမှတ် ၁၉ မှတ်နဲ့ အဆင့်(၅)မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြမာတာရာဇီကတော့ ၄-၄-၂ ကစားကွက်မှာ တိုက်စစ်အသားပေးကစားနေပြီး တိုက်စစ်က အိုရာဇာဘယ်နဲ့ အိုကာဆန်တို့ အတွဲက ခြေစွမ်းပြဂိုးတွေ သွင်းယူနေတာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာဆိုရင် တိုက်စစ်ပိုင်းက ပွဲတိုင်း ဂိုးသွင်းယူနိုင်ခဲ့ပြီး စုစုပေါင်း သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ခံစစ်ပိုင်းကလဲ ပွဲတိုင်းပေးဂိုးရှိနေတာကြောင့် အခုပွဲမှာ ခံစစ်ကစားပုံပြင်ဆင်လာမယ်ဆိုရင်တော့ ဘီလ်ဘာအိုအသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့များပါတယ်။ ခြေစွမ်းအရ အိမ်ရှင်အသင်းရမှတ်ခွဲပေးရဖို့များနေတယ်လို့ သုံးသပ်မိတာကြောင့် တိုက်စစ်ကစားပုံကောင်းတဲ့ ဆိုစီဒက်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဆိုစီဒက်	၀	-	၁	ဘီလ်ဘာအို
ဗလင်စီယာ	၀	-	၀	ဘီလ်ဘာအို
လီဗန်တေး	၃	-	၁	ဘီလ်ဘာအို
ဘီလ်ဘာအို	၄	-	၀	ဂီတာဖေး
အေအီးပတ်	၁	-	၆	ဘီလ်ဘာအို

ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဆိုစီဒက်	၃	-	၂	ဒီပို့ဒီဗို
စိန့်ဂျီလိုစီ	၁	-	၁	ဆိုစီဒက်
မာလာဂါ	၂	-	၅	ဆိုစီဒက်
လိုင်လီစတုန်း	၀	-	၆	ဆိုစီဒက်
ဆိုစီဒက်	၂	-	၁	လီဗန်တေး

ကျန်းမာရေးနှင့်ညီညွတ်သောဆီထုတ်လုပ်နိုင်ရေး ပဲပုပ်အထွက်တိုးနည်းသုံးစွဲပေး(အပိုင်း-၁)

စိုးမိုးဝင်း(စိုက်ပျိုးရေး)



မြန်မာတို့၏မီးဖိုချောင်များတွင် နေ့စဉ်ဟင်းလျာချက်ပြုတ်ရာ၌ ဆီသည် မရှိမဖြစ်လိုအပ်သောအဓိကပါဝင်ပစ္စည်းတစ်ခုဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် "မိသားစုကျန်းမာရေးအစ မီးဖိုချောင်က"ဟုဆိုစကားအတိုင်း နေ့စဉ်မိသားစုဝင်များစားသောက်သည့်အစားအစာနှင့် ဆီရွေးချယ်မှုသည် အလွန်အရေးကြီးလှပေသည်။ ဆီကို မှန်ကန်စွာရွေးချယ်ခြင်းသည် မီးဖိုချောင်ကစတင်သည့် မိသားစုကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၏ ပထမဆုံးသောခြေလှမ်းပင်ဖြစ်သည်။ မိသားစုဝင်များ၏ ကျန်းမာရေးအတွက် ဘေးကင်းပြီး အာဟာရပြည့်ဝသောဆီကို မှန်ကန်စွာရွေးချယ်နိုင်ရန် အလွန်အရေးကြီးသည်။

ကျန်းမာရေးရှုထောင့်မှကြည့်လျှင် သွေးတွင်းကိုလက်စထရောကိုကျဆင်းစေပြီး နှလုံးနှင့် သွေးကြောများကိုကျန်းမာစေသည့် မပြည့်ဝဆီများမျှတစွာပါဝင်ပြီး ဗီတာမင်ဓာတ်များကြွယ်ဝသော ပဲပုပ်ဆီသည် လူသားတို့ နေ့စဉ်စားသုံးသင့်သည့် ဆီကောင်းတစ်မျိုးဖြစ်သည်။ ပဲပုပ်ဆီသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်များ မျှတစွာပါဝင်သည့်အပြင် နေ့စဉ်ဟင်းချက်ရာတွင်လည်း အဆင်ပြေလွယ်ကူသောကြောင့် စားသုံးရန်သင့်တော်သော ဆီအမျိုးအစားတစ်ခုဖြစ်သည်။ အခြားဆီများနှင့်မတူဘဲ အပင်မှရရှိသည့် အိုမီဂါ-၃ ဖက်တီးအက်စစ်ပါဝင်သောကြောင့် နှလုံးခုန်နှုန်းမှန်စေခြင်းနှင့် ရောင်ရမ်းမှုများကိုလျော့ကျစေရန် အထောက်အကူပြုသည်။ ပဲပုပ်ဆီသည် သွေးခဲစနစ်ကိုမှန်ကန်စေပြီး အရိုးသိပ်သည်းဆကို ကောင်းမွန်စေသည်။ ထို့ပြင် ဆဲလ်များပျက်စီးမှုကိုကာကွယ်ပေးသည့် ဗီတာမင်အီး ကြွယ်ဝသောကြောင့် အရေပြားကိုနုပျိုစိုပြည်စေပြီး ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်သည်။ ချက်ပြုတ်မှုအပိုင်းတွင်လည်း မီးခိုးထွက်မှတ်မြင့်မားသည့်အတွက် သာမန်ဟင်းချက်ခြင်းတွင် ဆီဓာတ်ပျက်စီးမှုနည်းပါးသည့်အပြင် ဟင်းလျာ၏ မူလအနံ့အရသာကို ပြောင်းလဲခြင်းမရှိဘဲ ကောင်းမွန်စွာပံ့ပိုးပေးနိုင်သည်။

ပဲပုပ်၏ ထူးခြားသောသဘာဝ

ပဲပုပ်ဆီကြီးထွားမှုပုံသဏ္ဌာန်ကို လေ့လာပါက နွယ်ယောင်(ပင်ပြန့်)များနှင့် ပင်ထောင်များဟူ၍ အဓိက နှစ်မျိုးခွဲခြားနိုင်သည်။ ပင်ပြန့်အမျိုးအစားများသည် နွယ်ထွက်တတ်သဖြင့် ဆွဲဆန့်ကြည့်လျှင် နှစ်ပေမှ သုံးပေခန့်ထိရှည်လျားပြီး သက်တမ်းအားဖြင့် ရက်ပေါင်း ၁၀၀ မှ ၁၁၀ ခန့်ကြာမြင့်တတ်သည်။ ၎င်းတို့၏အစေ့မှာ သေးသွယ်၍ အနည်းငယ်ရှည်မျောမျောပုံစံရှိပြီး ဆီထွက်နှုန်းနည်းပါးသဖြင့် ဒေသတွင်း၌ ပဲငါးပိနှင့် ပဲငံပြာရည်ကဲ့သို့သော စားသောက်ကုန်များပြုလုပ်ရာတွင် အများဆုံးအသုံးပြုကြသည်။ ပင်ထောင်မျိုးများသည် အမြင့် တစ်ပေခွဲမှ နှစ်ပေခန့်သာရှိပြီး ရက်ပေါင်း ၇၅ ရက်မှ ၉၅ ရက်အတွင်းခူးဆွတ်နိုင်သည့် သက်တမ်းတိုမျိုးများဖြစ်ကြသည်။ ထို့ပြင် အစေ့မှာ အလုံးကြီးပြီးဝိုင်းစက်နေတတ်ကာ ပရိတင်းနှင့် ဆီပါဝင်မှုအလွန်မြင့်မားခြင်းကြောင့် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်သည်။

ယခင်ကာလများက ပဲပုပ်သည် မြေဆီလွှာအလွန်ကောင်းမွန်သည့်ဒေသများတွင်သာ ဖြစ်ထွန်းသည်ဟု ယူဆခဲ့ကြသဖြင့် အိမ်သုံးပဲငါးပိလုပ်ရန်နှင့်အစေ့စားရန်အတွက်သာ တောင်သူအနည်းငယ်က နွယ်ယောင်ပဲပုပ်ကို အကန့်အသတ်ဖြင့် စိုက်ပျိုးခဲ့ကြသည်။ သို့သော် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း စိုက်ပျိုးရေးပညာရှင်များက မြေမရွေး၊ ဒေသမရွေး အောင်မြင်ဖြစ်ထွန်းနိုင်သည့် ပဲပုပ်မျိုးသစ်များကို အောင်မြင်စွာသုတေသနပြု ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် ပဲပုပ်အခြေခံအစားအစာထုတ်လုပ်မှု နည်းပညာများပါတစ်ပါတည်းတိုးတက်ထွန်းကားလာခဲ့ရာ လက်ရှိတွင် ကမ္ဘာ့နိုင်ငံအသီးသီးက ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုကို အထူးစိတ်ဝင်စားလာကြပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပြီဖြစ်သည်။

မြန်မာ့ပဲပုပ်စိုက်ပျိုးရေး

မြန်မာနိုင်ငံတွင် ပဲပုပ်ကို မိရိုးဖလာအရ ရှေးယခင်ကတည်းကပင် စိုက်ပျိုးခဲ့ကြသော်လည်း ၁၉၆၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်ထိ နှစ်ပေါင်း ၃၀ ကာလအတွင်း စိုက်ပျိုးဧရိယာမှာ သောင်းဂဏန်းသာရှိခဲ့သည်။ သို့သော် ၁၉၉၃ ခုနှစ်မှစတင်ကာ ပြည်တွင်းစားသုံးမှုနှင့် စီးပွားရေးအရ တိုးချဲ့စိုက်ပျိုးလာခဲ့ရာ ၂၀၀၇-၂၀၀၈ ခုနှစ်တွင်စိုက်ဧကပေါင်း ၁၉၀၀၀၀ ထိ သိသာစွာမြင့်တက်လာခဲ့ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၁၆ ဒသမ ၈ တင်းခန့်ထိ ထွက်ရှိခဲ့သည်။

ခေတ်ကာလများ ပြောင်းလဲလာသည်နှင့်အမျှ တောင်သူများကြား ပဲပုပ်ကို သီးထပ်သီးနှံအဖြစ် စိုက်ပျိုးရန် ပိုမိုစိတ်ဝင်စားလာကြသည်။ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပဲပုပ်စိုက်ပျိုးမှုသည် ၃၄၄၂၈၁ ဧကဖြစ်ပြီး ပျမ်းမျှအထွက်နှုန်း ၁၈ ဒသမ ၇ တင်း ထွက်ရှိခဲ့သည်။ ပဲပုပ်၏ တစ်ဧကအထွက်နှုန်းမှာ မျိုး၊ စိုက်ပျိုးနည်းစနစ်နှင့် ရာသီဥတုတို့အပေါ်မူတည်၍ တင်း ၂၀ မှ ၃၀ အတွင်းထွက်ရှိနိုင်ပြီး အထွက်ကောင်းမျိုးများကိုစိုက်ပျိုးလျှင် တင်း ၄၀ မှ ၅၀ အတွင်း ထွက်ရှိနိုင်သည်။ ယနေ့ခေတ်ကာလတွင် စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အထွက်နှုန်း သိသိသာသာတိုးတက်လာခဲ့သည်။

ပဲပုပ်မျိုးများ

မြန်မာ့စိုက်ပျိုးရေးလောကတွင် ရှေးယခင်ကတည်းက ဒေသအလိုက် စမ်းသပ်စိုက်ပျိုးခဲ့ကြသည့် မိရိုးဖလာပဲပုပ်မျိုးများစွာရှိခဲ့သည်။ ၎င်းတို့အနက် သိန္နီလုံးကြီး၊ လားရှိုးလုံးကြီး၊ ကောဘိပဲပုပ်၊ မင်းကုန်းလုံးကြီး၊ ငွေပုလဲ၊ ကချင်ပဲပုပ်၊ ဘီရမ်း၊ ရွှေမြို့ငုပုလဲ၊ ရှမ်းစိမ်း၊ တရုတ်ပဲပုပ်၊ အူတူတန်နှင့် အယ်လ်-၁၄၇ မျိုးများသည် ထင်ရှားခဲ့သောအခြေခံမျိုးများဖြစ်ကြသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလများတွင် ပြည်တွင်းစားသုံးဆီကဏ္ဍကို မြှင့်တင်ရန်အတွက် ပြည်ပမှ ဆီထွက်နှုန်းကောင်းမွန်သည့် ပဲပုပ်မျိုးများကိုတင်သွင်းပြီး စမ်းသပ်စိုက်ပျိုးခဲ့ရာ ရေဆင်း-၁၊ အက်စ်ဘီ-၆၀ နှင့် အက်စ်ဘီ-၄၅ မျိုးများသည် ဆီထွက်အလွန်ကောင်းမွန်သောမျိုးများအဖြစ် အောင်မြင်စွာတွေ့ရှိခဲ့ရသည်။

ပဲပုပ်စိုက်ပျိုးရေးတွင် အရေးအကြီးဆုံးဖြစ်သောမျိုးသန့်ရရှိရေးအတွက် ၂၀၁၅ ခုနှစ် နှောင်းပိုင်းကာလများတွင် Winrock International ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မိုင်းပွန်၊ ရပ်စောက်၊ ပင်းတယနှင့် မိုးနဲ့ စသည့်မြို့နယ်များတွင် ပဲပုပ်မျိုးစေ့ထုတ်လုပ်သူများကိုစနစ်တကျဖွဲ့စည်းပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနက သုတေသနပြုထုတ်လုပ်ထားသော ရေဆင်း-၁၁၊ ရေဆင်း-၁၂ နှင့် ရေဆင်း-၁၄ ဆင့်ပွားမျိုးစေ့များကိုဝယ်ယူကာ တိကျသေချာသောစိုက်ပျိုးရေးနည်းပညာများနှင့်အညီ မျိုးရိုးဗီဇသန့်စင်ပြီး ရောဂါကင်းစင်သောမျိုးသန့်မျိုးစေ့များကို မျိုးစေ့ဥပဒေနှင့်အညီ ထပ်ဆင့်ပွားများထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် အထွက်နှုန်းကောင်းမွန်ပြီး ဒေသနှင့်ကိုက်ညီသည့် ရေဆင်း-၆၊ ရေဆင်း-၈၊ ရေဆင်း-၁၁၊ ရေဆင်း-၁၂၊ ရေဆင်း-၁၄ အပြင် ဒေသခံတောင်သူများအကြိုက်တွေ့သည့် မန်ကျည်းပင်မျိုးကဲ့သို့သော ဒေသပဲပုပ်မျိုးများကိုလည်း ထုတ်လုပ်ထားသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့်လည်း ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် တောင်သူဦးကြီးများ၏ မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် အရည်အသွေးထက်မြက်သည့် "ရေဆင်း ပဲပုပ်မျိုးစေ့များ"ကို နှစ်စဉ်မပြတ် တိုးမြှင့်ပွားများထုတ်လုပ်ပေးလျက်ရှိသည်။

တောင်သူများ ပဲပုပ်စိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်များနှင့်အထွက်ကောင်းမျိုးများကို ရွေးချယ်ရာတွင် မိမိဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများကိုသာ စိုက်ပျိုးသင့်သည်။ ရေဆင်း-၆၊ ရေဆင်း-၁၅၊ ရေဆင်း-၁၁ မျိုးများကို

❖ ပဲပုပ်စိုက်ပျိုးရာတွင် မြေအမျိုးအစားမှန်ကန်ရန် အလွန်အရေးကြီးပြီး ရေဝပ်တတ်သောမြေ၊ သဲဆန်လွန်းသောမြေ၊ စမ်းပေါက်မြေ၊ မြေနီစေးနှင့် ရွှံ့စေးမြေမျိုးများသည် အမြစ်ပုပ်ခြင်းနှင့် အပင်မဖြစ်ထွန်းခြင်းတို့ကိုဖြစ်စေနိုင်သဖြင့် စိုက်ပျိုးရန်လုံးဝမသင့်တော်ပေ။ ပဲပုပ်ပင်အတွက် အကြိုက်ဆုံးနှင့် အထွက်နှုန်းအကောင်းဆုံးဖြစ်စေမည့် မြေဆီလွှာများမှာ သဲနုနုန်းမြေ၊ နုနုန်းမြေနှင့် စနယ်မြေတို့ဖြစ်သည်။ ထို့ပြင် မြေချဉ်ငန်ဓာတ် ၅ ဒသမ ၅ မှ ၆ ဒသမ ၅ အတွင်းရှိသောမြေမျိုးတွင် စိုက်ပျိုးပါက ပဲပုပ်ပင်က အာဟာရဓာတ်များကို အကောင်းဆုံးစုပ်ယူနိုင်ပြီး သီးနှံအထွက်နှုန်းကို အထူးပင်ကောင်းမွန်စေသည်။ ❖

သဘာဝအားဖြင့် ပဲပုပ်စေ့များသည် အခြားသောပဲမျိုးနွယ်ဝင်များကဲ့သို့ မြေအောက်မှ ထိုးထွက်ပေါက်ဖွားနိုင်စွမ်းအားနည်းပါးသည်။ သို့ဖြစ်ရာ မျိုးစေ့ချရာတွင် ထွန်ကြောင်းကို ခပ်တိမ်တိမ်သာဆွဲ၍ ပဲပုပ်စေ့များကို လက်ဖြင့် ညီညီညာညာချပေးရမည်။ ပြီးလျှင် ကျမ်းတုံးဖြင့် မြေပေါ်မှ အသာအယာပြန်လည်ဖုံးအုပ်ပေးရမည်။ အကယ်၍ စိုက်ပျိုးမည့်မြေတွင် ထယ်ခဲကြီးများရှိနေပါက မျိုးစေ့များမြေမြုပ်သည့်အနက်သည် တိမ်လွန်းခြင်း သို့မဟုတ် နက်လွန်းခြင်းတို့ဖြစ်ပေါ်တတ်ပြီး ၎င်းသည် အပင်ပေါက်နှုန်းကိုကျဆင်းစေကာ စိုက်ခင်းတစ်ခုလုံးတွင် မိုးရာသီနှင့် စပါးသီးထပ်တွင် စိုက်ပျိုးနိုင်ပြီး ရေဆင်း-၁၄၊ ရေဆင်း-၁၂၊ ရေဆင်း-၃ တို့ကို မိုးရာသီတွင် ဒေသမရွေးစိုက်ပျိုးနိုင်သည်။

ရာသီဥတုအကြိုက်နှင့်ပတ်ဝန်းကျင်လိုအပ်ချက်များ

သဘာဝအားဖြင့် ပဲပုပ်သည် ပူနွေးစိုစွတ်ပြီး နေ့တာတိုသောရာသီဥတုမျိုးတွင် အကောင်းဆုံးရှင်သန်ဖြစ်ထွန်းသည့်သီးနှံဖြစ်သည်။ ၎င်းကို ပုံမှန်အားဖြင့် အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်အတွင်းရှိပြီး တစ်နှစ်လျှင် မိုးရေချိန် ၂၄ လက်မမှ လက်မ ၆၀ ထိ ရရှိသောဒေသများတွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ယခင်က စိုက်ပျိုးမြေနှင့် ဒေသအကန့်အသတ်ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ခေတ်မီဆန်းသစ်သော ပဲပုပ်မျိုးထုတ်လုပ်ရေးနှင့် သုတေသနလုပ်ငန်းများကို ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်ခဲ့သဖြင့် ယခုအခါ ပဲပုပ်ကို ရာသီဥတုမရွေးနေရာဒေသအနှံ့အပြားတွင် စိုက်ပျိုးလာနိုင်ကြပြီဖြစ်သည်။

မြေဆီလွှာလိုအပ်ချက်များ

ပဲပုပ်စိုက်ပျိုးရာတွင် မြေအမျိုးအစားမှန်ကန်ရန် အလွန်အရေးကြီးပြီး ရေဝပ်တတ်သောမြေ၊ သဲဆန်လွန်းသောမြေ၊ စမ်းပေါက်မြေ၊ မြေနီစေးနှင့် ရွှံ့စေးမြေမျိုးများသည် အမြစ်ပုပ်ခြင်းနှင့် အပင်မဖြစ်ထွန်းခြင်းတို့ကိုဖြစ်စေနိုင်သဖြင့် စိုက်ပျိုးရန် လုံးဝမသင့်တော်ပေ။ ပဲပုပ်ပင်အတွက် အကြိုက်ဆုံးနှင့် အထွက်နှုန်းအကောင်းဆုံးဖြစ်စေမည့် မြေဆီလွှာများမှာ သဲနုနုန်းမြေ၊ နုနုန်းမြေနှင့် စနယ်မြေတို့ဖြစ်သည်။ ထို့ပြင် မြေချဉ်ငန်ဓာတ် ၅ ဒသမ ၅ မှ ၆ ဒသမ ၅ အတွင်းရှိသောမြေမျိုးတွင် စိုက်ပျိုးပါက ပဲပုပ်ပင်က အာဟာရဓာတ်များကို အကောင်းဆုံးစုပ်ယူနိုင်ပြီး သီးနှံအထွက်နှုန်းကို အထူးပင်ကောင်းမွန်စေသည်။

သဘာဝအားဖြင့် ပဲပုပ်စေ့များသည် အခြားသောပဲမျိုးနွယ်ဝင်များကဲ့သို့ မြေအောက်မှ ထိုးထွက်ပေါက်ဖွားနိုင်စွမ်းအားနည်းပါးသည်။ သို့ဖြစ်ရာ မျိုးစေ့ချရာတွင် ထွန်ကြောင်းကို ခပ်တိမ်တိမ်သာဆွဲ၍ ပဲပုပ်စေ့များကို လက်ဖြင့် ညီညီညာညာချပေးရမည်။ ပြီးလျှင် ကျမ်းတုံးဖြင့် မြေပေါ်မှ အသာအယာပြန်လည်ဖုံးအုပ်ပေးရမည်။ အကယ်၍ စိုက်ပျိုးမည့်မြေတွင် ထယ်ခဲကြီးများရှိနေပါက မျိုးစေ့များမြေမြုပ်သည့်အနက်သည် တိမ်လွန်းခြင်း သို့မဟုတ် နက်လွန်းခြင်းတို့ဖြစ်ပေါ်တတ်ပြီး ၎င်းသည် အပင်ပေါက်နှုန်းကိုကျဆင်းစေကာ စိုက်ခင်းတစ်ခုလုံးတွင် အပင်ရေလျော့နည်းသွားစေတတ်သဖြင့် မြေပြုပြင်ခြင်းကို အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- Winrock International (၂၀၁၆)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ပဲပုပ်တောင်သူများအတွက် နည်းပညာအသစ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကုန်စည်တန်ဖိုးမြှင့်ကွင်းဆက်များစီမံကိန်း။
- ဒေါက်တာထွန်းဆိုင်(၂၀၁၀)၊ ပဲပုပ်သီးနှံသိစရာမှတ်စရာ၊ ထွန်ရေးညက်မှ ပဲထွက်မည်ဆောင်းပါးများ၊ စိုက်ပျိုးရေးဆိုင်ရာဆောင်းပါးပဒေသာသိဖွယ်ရာ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့။

Fortune -TV ရုပ်သံလိုင်းမှ လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်ပြသမည်



ရန်ကုန် အောက်တိုဘာ ၃၀

Fortune-TV ရုပ်သံလိုင်းမှ လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် နိုဝင်ဘာလပထမပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ဇော်ထွန်းထံမှ သိရသည်။

အဆိုပါ လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ဇော်ထွန်းက ရေးသားထားပြီး ဒါရိုက်တာဇော်ထွန်းနှင့် မိုးနိုင်တို့က ဇာတ်ညွှန်းရေးသားကာ ဆောင်းနှင်းရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဇော်ထွန်း ကပင်တာဝန်ယူ ပုံဖော်ဖန်တီးထားကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ အနုပညာသက်တမ်း နှစ် ၃၀ ကျော်မှာ ပထမဆုံး ရုံတင်ခွင့်ရရှိခဲ့တဲ့ ရုပ်ရှင်ကားပါ။ ၂၀၂၄ ခုနှစ် ဇူလိုင်လမှာ ရုံတင်ပြသခဲ့ပါတယ်။ ကျွန်တော့်ဘဝအတွက် အင်မတန် ဝမ်းသာဝိတိဖြစ်ရတဲ့ ရုပ်ရှင်ဇာတ်ကားလဲ ဖြစ်ပါတယ်။ လှတောသားဆိုတဲ့အတိုင်း စကားလုံးတွေ လှလှပပနဲ့ အကောင်းဆုံး ပုံဖော်ထားပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလပထမပတ်မှာ Fortune-TV ရုပ်သံလိုင်းကနေ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဇော်ထွန်းက ပြောပြသည်။

အဆိုပါ လှတောသားကွ ဖျားသွားမယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ နေထူးနိုင်၊ မင်းဘုန်းမြတ်၊ ညိမ်းသော်၊ ဗညားဟန်၊ မေမီကိုကို၊ ထက်ထက်ထွန်း၊ ပန်းအိန္ဒြေထက်၊ စုလှိုင်နှင်း၊ လင်းဇာနည်ဇော်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Naughty ဇာတ်ကား၌ မင်းသမီး ဆာဗာရာဝေးဗင်း ပါဝင်မည်

နယူးယောက် အောက်တိုဘာ ၃၀

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Naughty ဇာတ်ကားတွင် မင်းသမီး ဆာဗာရာဝေးဗင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Naughty ဇာတ်ကားတွင် မင်းသမီး ဆာဗာရာဝေးဗင်းသည် မင်းသား ဂျင်နီဖာအန်နစ္စတန်၊ မင်းသား ပီတာဒင်းကလက်၊ မင်းသမီး ရက်ဂျီနာဟောတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ဟာသဇာတ်ကားအမျိုးအစားဖြစ်သည့် Naughty ဇာတ်ကားကို ဒါရိုက်တာ အိုလီဗီယာဝိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ကွာရှင်းထားသည့် ခင်ပွန်းသည်ထံမှ သားဖြစ်သူကို အုပ်ထိန်းခွင့်ရရန် ကြိုးပမ်းနေသည့် အမျိုးသမီး တစ်ဦး စန်တာကလော့ဘိုးဘိုးကြီးနှင့် တွေ့ဆုံရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

Naughty ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျင်မီဝါဒန်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



အောင်မြတ်သာနှင့် အိမ့်တစ်လိမ့်စုန်း ရုပ်သံဇာတ်လမ်းကို Skynet ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် အောက်တိုဘာ ၃၀

Skynet ရုပ်သံလိုင်းမှ အောင်မြတ်သာနှင့် အိမ့်တစ်လိမ့်စုန်း ရုပ်သံဇာတ်လမ်းကို နိုဝင်ဘာလပထမပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီထံမှ သိရသည်။

အဆိုပါ အောင်မြတ်သာနှင့် အိမ့်တစ်လိမ့်စုန်း ရုပ်သံဇာတ်လမ်းသည် စာရေးဆရာ ဇေယန(ရာမည်)၏ ဝတ္ထုကို ဖိုးကျော် (သန်လျင်)က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ သီဟမင်းညီက ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ရုပ်သံဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေထဲက ကမ္ဘီရဖြစ်ရပ်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ ဒီဇာတ်လမ်းကိုတော့ နိုဝင်ဘာလပထမပတ်အတွင်းမှာ Skynet ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။



အဆိုပါ အောင်မြတ်သာနှင့် အိမ့်တစ်လိမ့်စုန်း ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ ကိုဘုန်း၊ အိမြတ်၊ သန်းသန်းဆင့်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Scapegoat ဇာတ်ကား၌ မင်းသား ကိုရီမိုက်ကယ်စမစ် ပါဝင်လာ

နယူးယောက် အောက်တိုဘာ ၃၀

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Scapegoat ဇာတ်ကားတွင် မင်းသား ကိုရီမိုက်ကယ်စမစ်လည်း ပါဝင်လာကြောင်း အောက်တိုဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Scapegoat ဇာတ်ကားတွင် မင်းသား ကိုရီမိုက်ကယ်စမစ်သည် မင်းသမီး စကားလက်ဂျိုဟန်ဆင်၊ မင်းသား ဂျာကော့အယ်လော်ဒီ၊ ဂျပ်လောတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Scapegoat ဇာတ်ကားကို ဒါရိုက်တာ အာရီအက်စတာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

လက်ရှိအချိန်တွင် Scapegoat ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

မင်းသား ကိုရီမိုက်ကယ်စမစ်သည် အိတ်ချ်ဘီအိုကုမ္ပဏီ၏ Mountainhead ရုပ်သံဇာတ်လမ်းတွဲဖြင့် ထင်ရှားလာသည့် မင်းသားဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Scapegoat ဇာတ်ကား စတင်ရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



မရမ်းကုန်းမြို့နယ်ရှိ Yangon Convention Center (YCC) တွင် မြန်မာ့ရိုးရာပွဲစျေးကို နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၈ ရက်ထိ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Yangon Convention Center (YCC) တွင် မြန်မာ့ရိုးရာပွဲစျေးကို နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၈ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

အဆိုပါ မြန်မာ့ရိုးရာပွဲစျေးကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က မြန်မာ့ရိုးရာအင်္ဂေအသက်များကို ပြန်လည်ခံစားနိုင်စေရန် အတွက် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာပွဲတော်ကို ကျင်းပရတာက ဓလေ့ထုံးတမ်း အစဉ်အလာကို အများပြည်သူတွေ ကျယ်ပြန့်စွာသိရှိပြီး နှစ်ခြိုက်စွာ ထိန်းသိမ်းသွားကြဖို့ မျိုးဆက်သစ်လူငယ်တွေကိုလဲ လက်ဆင့်ကမ်းတာပါ။ နိုင်ငံတကာ အသိုက်အဝန်းတွေက မြန်မာ့ကိုယ်ပိုင်ယဉ်ကျေးမှုဆိုင်ရာတွေကို ကျယ်ကျယ်ပြန့်ပြန့် တွေ့မြင်သိရှိလာပြီး စိတ်ဝင်တစား အားပေးလာစေဖို့၊ ခေတ်ပေါ် စားသောက်ကုန်တွေ ကြားမှာ ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ မြန်မာ့ရိုးရာအစားအစာတွေကို မျိုးဆက်သစ်လူငယ်တွေ သိရှိမြတ်နိုးတတ်စေဖို့ ဖြစ်ပါတယ်"ဟု မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က ပြောပြသည်။

အဆိုပါ မြန်မာ့ရိုးရာပွဲစျေးတွင် ဆိုင်ခန်းပေါင်း ၁၅၅ ခန်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာအစားအစာများ၊ ရိုးရာအဝတ်အထည်များ၊ ယဉ်ကျေးမှုဆိုင်ရာ စကားဝိုင်း ဆွေးနွေးပွဲများနှင့် တိုင်းရင်းသားရိုးရာအကဖျော်ဖြေမှုများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၆ ရက်တွင် ဇာတ်မင်းသား စမ်းရေမိုးက မွန်းလွဲ ၂ နာရီမှညနေ ၆ နာရီထိ ကပြဖျော်ဖြေသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၇ ရက်တွင် Project K အဖွဲ့ကဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကာ နိုဝင်ဘာ ၈ ရက်တွင် မြန်မာနိုင်ငံ၏ ဒေသအသီးသီးက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

Vice President U Nyo Saw delivers speech at coordination meeting (1/2026) of Cybersecurity Central Committee



Vice President U Nyo Saw delivers a speech at the coordination meeting (1/2026) of the Cybersecurity Central Committee.

Nay Pyi Taw October 30

The Cybersecurity Central Committee held its coordination meeting 1/2026 at the meeting hall of the Office 2 of the Ministry of Digital Development and Communications in Nay Pyi Taw at 10 am today, with an address by Chairman of the Central Committee Vice President U Nyo Saw.

At the meeting, the Vice President provided detailed explanations on the need to effectively implement digital transformation processes through the formulation of sector-specific, phased and step-by-step roadmaps and strategic initiatives; establishment of a strong foundation of modern and secure digital infrastructure; and development of digital service delivery mechanisms to fully transform the Government's e-Government systems; the measures being undertaken by countries internationally and within the ASEAN region to introduce and implement cybersecurity-related laws and frameworks, such as national cybersecurity laws, cybercrime prevention and suppression laws, personal data protection laws, and policies to ensure the security of cross-border digital data flows; the need to integrate and manage digital systems being implemented by individual ministries through a single National Data Centre system, along with the importance of establishing a cybersecurity environment capable of keeping pace with international standards through a Cybersecurity Monitoring and Control Centre to monitor and respond to cyberattacks. He urged committee members to participate discussions in order to effectively serve the duties and functions of the committee.

Also present at the meeting were Vice Chairman of the Central Committee Union Minister for Digital Development and Communications U Tun Aung, Central Committee member Union ministers, deputy ministers, departmental officials and guests.

They also discussed efforts of relevant departments and organizations in carrying out cybersecurity measures and future plans.

The Vice President reviewed the discussions, coordinated necessary measures and gave concluding remarks.

MNA

Security forces collaborate with departmental staff to assist temporarily displaced persons returning to Thantlang

Nay Pyi Taw October 30

To ensure peace and tranquility for the public, the Tatmadaw has been conducting counter-terrorism operations across military command areas. Local residents warmly welcomed and supported the Tatmadaw's full regain of control over the entire Hakha-Thantlang communication route on June 9, which was temporarily controlled by CNF and CDF terrorists.

Furthermore, under the guidance of the State government, the Tatmadaw and departmental teams are carrying out necessary assistance operations to enable temporarily displaced local ethnic people to resettle in their native places, reopen government administrative offices and departments, and develop socio-economic livelihoods, including education and health services. They are also repairing departmental buildings and residential homes damaged by the destructive acts of terrorists.

As relevant officials and security forces make necessary arrangements for displaced persons to return smoothly, motor vehicles and motorcycles carrying departmental personnel and returning local residents departed Hakha this morning and arrived in Thantlang in the afternoon. They were welcomed by responsible officials, who provided necessary assistance.

Following the reopening of the Hakha-Thantlang route by Tatmadaw columns, ongoing efforts are being made under the State government's guidance, in collaboration with local residents, to assist displaced persons temporarily fleeing local clashes to return home, carry out mine-clearing operations to eliminate landmine hazards, and rehabilitate residential houses and government offices damaged by terrorists.

100



Local residents who had been temporarily displaced and departmental staff returning to Thantlang town.



Dockworkers rally during an anti-war strike in Piraeus, Greece, October 30, 2026.

Dockworkers launch global strike against Israeli and US military shipments

Washington October 30

Dockworkers across five continents have launched a coordinated anti-war strike, targeting Israeli arms shipments, US military cargo, and the growing militarization of civilian ports.

Organizers say more than 25 unions are mobilizing across 113 ports in 22 countries and regions on Friday in an unprecedented international action. The campaign includes 24-hour strikes, shorter walkouts, blockades, and solidarity rallies.

Major European ports joining the action include Genoa, Marseille, Le Havre, Hamburg, Valencia, Barcelona, and Piraeus. Beyond Europe, protests are planned at Tangier Med in Morocco, Nhava Sheva and Chennai in India, and Oakland and San Francisco in the US, with further actions across Türkiye, Cyprus, Sweden, Denmark, Ireland, Portugal, Brazil, Mexico, and Australia.

France's CGT Ports et Docks has called 24-hour strikes across 24 ports, while Italy's USB has declared a nationwide general strike, with protests in more than 40 cities. Unions in Germany, Greece, Spain, India, and the US are also taking part. RT

Adjutant Wint Hlwar Aung (aka) Sit Nyein May from Hinthada District Battalion (3) under terrorist NUG arrested

Nay Pyi Taw October 30

The NUG, CRPH, and their subordinate so-called PDF terrorist groups—declared as terrorist organizations by the Government—have been unlawfully committing brutal assassinations of Buddhist monks, civil servants including teachers, and civilians; conducting robberies; detonating mines in recreational gathering venues with the intent to cause civilian casualties; and carrying out wanton bombings and destruction of public infrastructure linked to the Government in order to disrupt the government administrative machinery.

As security forces have been intensifying round-the-clock efforts to identify and apprehend these terrorists, acting on tip-offs and complaints secretly sent by local citizens who reject terrorism and actions undermining state stability, Wint Hlwar Aung (aka) Sit Nyein May, serving as the adjutant for the terrorist PDF Hinthada District Battalion (3), was arrested on October 10, 2026, in Lanmadaw Township, Yangon Region.

According to the confession of the arrested terrorist group member Wint Hlwar Aung (aka) Sit Nyein May, she attended terrorist military training at Brigade (7) of the KNU—which has been designated a terrorist group—from May to June 2021. She subsequently participated in terrorist operations by serving in duties such as office



Arrested suspect, terrorist PDF member Wint Hlwar Aung (a.k.a. Sit Nyein May), 33 years old.

in-charge, adjutant, and quartermaster at Brigade (7), Hinthada District Battalion (1), the Ayeyarwady Yoma Column, and Hinthada District Battalion (3). In July 2025, she returned to Yangon, where she continued to handle administrative and logistics support duties for Hinthada District Battalion (3).

It was further uncovered that since assuming duties as adjutant of Hinthada District Battalion (3), Wint Hlwar Aung compiled personnel rosters, processed terrorist funding transfers, submitted daily gazette reports, and transmitted casualty and injury reports. She used online mobile financial services to receive and transfer terrorist operational funds for Hinthada District Battalion (3), and re-transferred quarterly salaries dispatched by the terrorist MOD as well as donations sent by terrorist supporters under the arrangements of Ye Kyaw Thu (aka) Ye Gaung, a battalion commander-ranked official of Hinthada District Battalion (3).

Effective legal action will be taken against the arrested terrorist member Wint Hlwar Aung (aka) Sit Nyein May in accordance with the Counter-Terrorism Law. The entire public is urged to cooperate in preventing and combating those committing terrorism. Anyone with information regarding the hideouts or movements of so-called PDF terrorist members is requested to report secretly to the relevant authorities, with a notice that informants and those assisting in arrests will be awarded appropriate cash rewards in confidentiality.

100

Illegal lottery sale agents for NUG terrorist group through Nway Oo Hti Website



Arrested suspect, Nandar Hlaing, aged 48, an agent selling illegal Nway Oo lottery tickets.



Arrested suspect, Su Myat Wai, aka Lay Paung, aged 39, an agent selling illegal Nway Oo.

Nay Pyi Taw October 30

The CRPH, NUG and PDF terrorist groups, which have been declared terrorist groups, have continuously engaged in incitement and propaganda activities with the aim of undermining the stability and peace of the State and disrupting the functioning of government administrative mechanisms. The government has been taking effective legal action against such activities in accordance with the law. It has also been identifying and taking action against individuals and groups that support, encourage, assist or provide financial and other forms of assistance to terrorist groups.

The NUG terrorist group has reportedly been using the Nway Oo Hti website to operate an illegal lottery business since around August 2021, with the aim of financing terrorist activities and ensuring their long-term survival. Funds generated from the business are reportedly being provided to its subordinate groups engaged in terrorist acts. Reports from responsible citizens who oppose terrorist groups and their activities and wish to live in peace indicate that the NUG terrorist group has been selling the illegal Nway Oo lottery by appointing its supporters and sympathizers as agents to facilitate ticket sales.

Continued efforts to identify and arrest agents involved in selling the illegal Nway Oo lottery led to the identification and arrest of two individuals: Nandar Hlaing, a resident of Dagon Myothit (North) Township, Yangon Region, and Su Myat Wai, also known as Lay Paung, a resident of Danubyu Township, Ayeyawady Region.

According to reports, the arrested suspect, Nandar Hlaing, was a member of the PRF's terrorist support and logistics group and had been working as an agent selling Nway Oo lottery tickets since around February 2024. She was also responsible for transferring prize money to Nway Oo lottery winners through an illegal SDB bank account. The other arrested suspect, Su Myat Wai, also known as Lay Paung, was likewise a member of the PRF's terrorist support and logistics group. She had been working as an agent selling the illegal Nway Oo lottery since June 2025, regularly purchasing illegal Nway Oo lottery tickets herself every month and transferring the proceeds from ticket sales to terrorist groups, according to reports.

The two arrested suspects will face effective legal action in accordance with the Counter-Terrorism Law for their involvement as members of the PRF's terrorist support and logistics group, handling and transferring funds to support terrorist activities, and acting as agents selling tickets for the illegal Nway Oo lottery business. Further efforts will also be made to identify and arrest those acting as agents for the terrorist NUG group's illegal Nway Oo lottery, those purchasing and supporting the lottery, and other individuals involved in the business.

Refraining from supporting, encouraging, assisting or providing financial assistance to terrorist groups and terrorists, including the CRPH and NUG, is a means of protecting the lives and property of the public. Therefore, members of the public are hereby informed that, if they become aware of individuals providing support or assistance to terrorist groups, they may confidentially report such information to the relevant security organizations. Appropriate rewards will also be granted to those who provide information.

100

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Online fraud and gambling operators arrested along with equipment near Paw Kywe village, Namsang Township



Online fraud and gambling operators arrested along with equipment near Paw Kywe village, Namsang Township.

Nay Pyi Taw October 30

The State Government attaches high priority, as a national duty, to identifying, preventing, and combating online fraud and online gambling operations that pose an all-round threat to, and cause severe damage to, the socio-economic lives not only of local citizens but of humanity worldwide.

Furthermore, in coordination with governments of neighboring countries, effective efforts are being carried out to investigate, arrest, and take legal action against perpetrators.

While carrying out such operations, joint teams comprising security force members conducted investigations and identification in Namsang Township, Southern Shan State, following reports of online fraud and gambling operations in the area. At around 10:15 a.m. today, at a location approximately 1,700 meters northwest of Paw Kywe village in Namsang Township, law enforcement personnel arrested 18 illegal Thai nationals (12 males and 6 females) engaged in online fraud and gambling activities. Along with the suspects, security forces seized illegal infrastructure and equipment used in committing the crimes, including one temporary living hut (30 ft x 15 ft), two temporary living huts (15 ft x 10 ft), one temporary workshop hut (20 ft x 15 ft), one temporary kitchen hut (15 ft x 10 ft), two Starlink satellite terminals, seven All-in-One computers, one color printer, 16 assorted mobile phones, twoinactive CPUs, two generators, and related accessories.

The arrested individuals involved in online fraud and gambling operations will face severe and effective action in accordance with existing laws once necessary investigations are completed, while the seized operational equipment will be processed in line with established procedures.

The State is actively continuing online fraud and gambling eradication operations in cooperation with neighboring countries, regional nations, and international organizations to eliminate such illegal practices and prevent perpetrators from establishing operations within Myanmar.

100



Arrest of 12 Thai men and 6 Thai women committing illegal online gambling fraud near Paw Kywe Village, Namsang Township.



Seizure of operational equipment used in committing illegal online gambling fraud near Paw KyweVillage, Namsang Township.



Seizure of operational equipment used in committing illegal online gambling fraud near Paw KyweVillage, Namsang Township.

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition of a 6-story building used in committing online gambling operations in Part-II of Shwe Kokko.





Before demolition.





Demolition using heavy machinery.

Nay Pyi Taw October 30

In cooperation with neighboring and regional countries, the government has taken measures for total eradication of online scams and gambling, which have posed a threat to the global socioeconomic arena and national security, and carried out systematic demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they could not be used again for such crimes.

In doing so, demolition of two 6-storey buildings being dismantled among illegal ones, which were used in online scams and gambling in Shwe Kokko (Part-II) and scheduled for mechanical demolition, completed 40 percent and 10 percent respectively today.

Out of 63 buildings for demolition, detonation of four buildings and mechanical demolition of four buildings completed and plans were underway to systematically dismantle the remaining 55 buildings.

The government has effectively cracked down on online scams and gambling as a national responsibility.

100

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ဧက ၄၄၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

ကသာ အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ဧက ၄၄၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၁၈၈၀၊ အင်းတော်မြို့နယ်တွင် ဧက ၂၀၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၃၄၀ စုစုပေါင်း ဧက ၄၄၂၀ တို့ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ပဲလွမ်း ဧက ၄၀၀၀ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲလွမ်းကိုအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

ညောင်လေးပင်မြို့နယ် ရှမ်းရွာကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



ညောင်လေးပင် အောက်တိုဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ရှမ်းရွာကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ရှမ်းရွာကျေးရွာ၌ တစ်ဖက်လျှင် အရှည် ပေ ၇၅၀၊ အကျယ် နှစ်ပေ၊ အမြင့်ခြောက်လက်မစီရှိ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၇၉ သန်း၊ စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၇၉ သန်းဖြင့် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်ထံမှ သိရသည်။ **ကိုညီ**

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးဖယ်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးဖယ်များကို စနစ်တကျ စစ်ဆေးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လအတွင်း ငါးဖယ်ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးဖယ်ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့စက်တင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို ငါးဖယ်



ပိသာချိန် ၅၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချနေတဲ့ ငါးဖယ်တွေက လတ်ဆတ်မှုရှိပါတယ်။ ရန်ကုန်ဈေးကွက်က အခုလက်ရှိမှာလဲ ငါးဖယ်တွေ မှာယူတာများနေပါတယ်။ အခုလို ငါးဖယ်တွေအများအပြား တင်ပို့လာရတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးဖယ်တစ်ပိသာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၅၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေထံမှ သိရသည်။ **ကျော်ကျော်လင်း**

ပူတာအိုမြို့နယ် မူလာဒီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပူတာအို အောက်တိုဘာ ၃၀

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မူလာဟောင်ကျေးရွာအုပ်စု မူလာဒီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက ကျေးလက်နေပြည်သူများဆင်းရဲမှု လျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မူလာဒီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ်သိန်း ၄၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ်သိန်း ၇၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သိန်း ၂၀၊ လက်သမားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၃၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။ **နွဲ့ယဉ်**





ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ ပြည်သူ့စစ်မှုထမ်းစစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချီးမြှင့် ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုး ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလားတူပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူကို ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်ထိလျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူကို ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံ တစ်ပုံထိလျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၇)မှ အမှတ်စဉ်(၁၄)ထိ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ(၁၂)ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများအသီးသီး ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်းစစ်သည်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ဘည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။

နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့်ထိုက်သင့်သော အကျိုးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီး သူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်းပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် “စစ်မှုထမ်းတာဝန်

☆ ရှေ့ဖုံးမှအဆက်

အခြေခံခိုင်မာအောင် တည်ဆောက်သွားရန်နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသည့် ယန္တရားများတည်ဆောက်ပြီး အစိုးရ၏ e-Government စနစ်များကို အပြည့်အဝ ဒီဂျစ်တယ်အသွင်ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်းနိုင်ငံများတွင် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး အမျိုးသား ဆိုက်ဘာလုံခြုံရေးဥပဒေ၊ ဆိုက်ဘာမှုခင်းဆိုင်ရာတားဆီးနှိမ်နင်းရေးဥပဒေ၊ ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေနှင့် နယ်စပ်ဖြတ်ကျော်ဒီဂျစ်တယ်ဒေတာစီးဆင်းမှုလုံခြုံရေးမူဝါဒများကဲ့သို့သော ဥပဒေ၊ မူဘောင်များထုတ်ပြန်ချမှတ်ဆောင်ရွက်နေသည့်အခြေအနေများ၊ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ဒီဂျစ်တယ်စနစ်များကို အမျိုးသားဒေတာစင်တာစနစ်တစ်ခုထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှု အခြေအနေများ၊ ဆိုက်ဘာတိုက်ခိုက်မှုများကို ဆိုက်ဘာလုံခြုံရေး စောင့်ကြည့်ကွပ်ကဲရေးဗဟိုဌာနဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဆိုက်ဘာဝန်းကျင်တစ်ခုကို အတူတကွ တည်ဆောက်နိုင်ရန် လိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကော်မတီ၏လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်၊ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ အလေးမပြိုင်ပွဲမှ

ဝဏ္ဏသိဒ္ဓိအားကစားကွင်းအလေးမလေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီးဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ အမျိုးသမီး ၅၃ ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ဖွေးဖွေးဦးက အမြန်မစံချိန် ၆၄ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၈၀ နှင့် စုစုပေါင်း စံချိန် ၁၄၄ ကီလိုဖြင့် ပထမ၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ယမင်းသူဇာက အမြန်မစံချိန် ၆၇ ကီလို၊



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချိုးမြှင့်ပေးအပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့် ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချိုးမြှင့်ပေးအပ်စဉ်။



တြိုင်ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချိုးမြှင့်ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင် ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချိုးမြှင့်ပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုသွင် ပြည်သူ့စစ်မှုထမ်းစစ်သည်တစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ်ချိုးမြှင့်ပေးအပ်စဉ်။







ကျွန်ုပ်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို သစ္စာရှိစွာထမ်းဆောင်ခဲ့ကြပြီး သတ်မှတ်တာဝန်ကာလပြည့်မြောက်ခဲ့ကြသည့်ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မိမိတို့၏အခန်းကဏ္ဍကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများ၏ ကြိုးပမ်းအားထုတ်မှု၊ အနစ်နာခံမှုနှင့် တာဝန်သိစိတ်တို့ကို လေးနက်စွာအသိအမှတ်ပြု ဂုဏ်ပြုခြင်းပင်ဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်လျက်ရှိကြသည့် လူငယ်လူရွယ်များသာမက နောင်လာမည့် မျိုးဆက်သစ်လူငယ်များအတွက်ပါ နိုင်ငံသားတစ်ဦး၏ တာဝန်သိစိတ်၊ စည်းကမ်းလိုက်နာမှုနှင့် မိမိထမ်းဆောင်ရမည့်တာဝန်အပေါ် အလေးထားမှုတို့ကို စံနမူနာကောင်း တစ်ခုဖွယ်တည်ရှိနေမည်ဖြစ်သည်။

သတ်မှတ်ကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

“ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံ့သားကောင်း တစ်ယောက် နိုင်ငံတော်က ချမှတ်ထားတဲ့ဥပဒေကို လိုက်နာဆောင်ရွက်ပြီးတော့ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလ နှစ်နှစ်တာအတွင်းမှာလဲ အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကတော့ အများကြီးရခဲ့ပါတယ်။ တာဝန်ထမ်းဆောင်လာမယ့် ကျွန်တော်တို့ညီတော်မောင်တွေကိုလဲ ကျွန်တော်တို့က လက်ကမ်းကြိုပါတယ်ဗျ။ အဖွဲ့အစည်းရဲ့စိတ်ဓာတ်ကိုလဲ သိရှိအောင်ပေါ့။ ဘာမှလဲခက်ခဲတဲ့အရာတစ်ခုမဟုတ်ဘူးကိုယ်က ဒီနိုင်ငံမှာနေပြီးတော့ ဒီဥပဒေအတိုင်း လိုက်နာသွားရမှာဖြစ်တဲ့အတွက် အားလုံးကိုလာခဲ့ပါလို့ လက်ကမ်းကြိုပါတယ်”ဟုပြောသည်။

“ကျွန်တော့် ဒီပြည်သူ့စစ်မှုထမ်းကို ဝင်ရောက်ရတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံနဲ့လူမျိုးကိုကာကွယ်ဖို့အတွက်နဲ့ အမျိုးဘာသာသာသနာအတွက်ကို ကာကွယ်ချင်တဲ့အတွက် ဝင်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အတွေ့အကြုံကတော့ ရှေ့တန်းပေါ့ စခန်းကုန်းတွေမှာ တာဝန်ပေးတဲ့အချိန်ဆို သူငယ်ချင်းတွေနဲ့ စည်းစည်းလုံးလုံး၊ စွန့်စွန့်စားစား အကုန်လုံးပိုင်းဝန်းတိုက်ခိုက်ကြပါတယ်။ ဒီဂုဏ်ပြုလက်မှတ်ရတာကို ကျွန်တော် အတိုင်းမသိဝမ်းသာပါတယ်။ ကျွန်တော်တို့ ဒီဆုလက်မှတ်ရဖို့ဆိုတာ ချွေးနဲ့ သွေးနဲ့ရင်းပြီးမှ ရရှိခဲ့တာဖြစ်ပါတယ်” ဟုပြောသည်။

“တာဝန်ကျတဲ့တပ်မှာတော့ ကျွန်တော် တို့က သင်တန်းဆင်းပြီးတော့ လေယာဉ်တွေ အကြောင်းကိုလေ့လာတယ်။ လေယာဉ်နဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေကို လေ့လာတယ်ခင်ဗျ။ အတွေ့အကြုံကတော့ အပြင်လောကမှာ မမြင်ဖူးတဲ့လေယာဉ်တွေအကြောင်းကို လေ့လာတဲ့ အတွေ့အကြုံလေးတွေရှိပါတယ်။ အမှတ်တရကတော့ သူငယ်ချင်းတွေနဲ့အတူ စုပေါင်းပြီးတော့ အလုပ်လုပ်ရတဲ့အတွက်လဲ ဂုဏ်ယူပါတယ်။ နှစ်နှစ်တာကာလတာဝန်ပြီးမြောက်လို့ ပေးအပ်တဲ့ ဂုဏ်ပြုလွှာအတွက်လဲ အများကြီးကျေးဇူးတင်ပါတယ်” ဟုပြောသည်။ **(၅၀၁)**

နှစ်ဆင့်မစံချိန် ၇၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၃ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ လင်းလက်ကြယ်စင်က အမြန်မစံချိန် ကီလို ၄၀၊ နှစ်ဆင့်မစံချိန် ၄၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၈၆ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ထို့အတူ အမျိုးသား ကီလို ၆၀ တန်းအုပ်စုအဆင့်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ညီညီလွင်က အမြန်မစံချိန် ၉၉ ကီလို၊ နှစ်ဆင့်မစံချိန် ၁၂၄ ကီလိုနှင့်စုစုပေါင်းစံချိန် ၂၂၃ ကီလိုဖြင့် ပထမ၊ မကွေးတိုင်းဒေသကြီးအသင်းမှ ထွန်းလင်းက အမြန်မစံချိန် ၉၃ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၁၂၀ နှင့် စုစုပေါင်း စံချိန် ၂၁၃ ကီလိုဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ မောင်ဆားက အမြန်မစံချိန် ၈၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၀၅ ကီလိုနှင့် စုစုပေါင်းစံချိန် ကီလို ၁၉၀ ဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသား ကီလို ၆၀ တန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ညီညီလွင်သည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအမြန်မပြိုင်ပွဲ၏စံချိန် ၉၈ ကီလို ထက်ကျော်လွန်၍ ၉၉ကီလိုဖြင့်လည်းကောင်း၊ နှစ်ဆင့်မပြိုင်ပွဲ၏စံချိန် ၁၂၃ ကီလိုထက်ကျော်လွန်၍ ၁၂၄ ကီလိုဖြင့် လည်းကောင်း၊ အမြန်မနှင့် နှစ်ဆင့်မစုစုပေါင်းပြိုင်ပွဲတွင် စံချိန် ၂၁၉ ကီလိုထက်ကျော်လွန်၍ ၂၂၃ ကီလိုဖြင့်လည်းကောင်း ပြည်နယ်နှင့်တိုင်းဒေသကြီး၏ စံချိန်သစ်များတင်နိုင်ခဲ့သည်။

အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး) ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၂၅ ဦး တက်ရောက်သဖြင့် ၉၃ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ကဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ်နာတလျာ ကိုချန်နိုဗာ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်ထိ မိမိဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း ဆောင်ရွက်မှုများနှင့် လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် စာချွန်လွှာလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် အသေးစား၊ အလတ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းတာဝန်များကို ပိုမိုတိကျစွာ ထင်ဟပ်ဖော်ပြနိုင်စေရန်၊ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် ဝေါဟာရအသုံးအနှုန်းများကြား ညီညွတ်မှုရှိစေရန်၊ မြန်မာစာ၊ သဒ္ဒါ နိုင်ငံတကာအသုံးအနှုန်းတို့အရ အဓိပ္ပာယ်ရှင်းလင်းတိကျစေရန်နှင့် အစိုးရဌာနများ၊ ပြည်သူလူထု၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြား ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် “စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန” အား “စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန” အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ထားကြောင်း လွှတ်တော်သို့အသိပေးတင်ပြပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်စျေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှုစရိတ် လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခမြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံးအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှုန်း ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည် (LNG)အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြု



နိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် လယ်ယာကဏ္ဍ၊ ကုန်စည်သယ်ယူ ပို့ဆောင်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဓိကသွင်းအားစုများ၏ ကုန်ကျစရိတ်ကိုလျှော့ချပေးနိုင်ခဲ့ပြီး အခြေခံစားသောက်ကုန်စျေးနှုန်းနှင့် ကုန်စည်စျေးနှုန်းများ ထိန်းညှိနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှုန်း ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ရက်ထိ တစ်လထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပလက်ဝ–ဇိရမ်ပူရ် နှစ်လမ်းသွားလမ်း ဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်ငါးစီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပလက်ဝ–ဇိရမ်ပူရ် နှစ်လမ်းသွားလမ်း ဖောက်လုပ်ခြင်းစီမံကိန်းသည် ချင်းပြည်နယ် ပလက်ဝမြို့မှစတင်၍ မြန်မာ–အိန္ဒိယနယ်စပ် ဇိရမ်ပူရ်ထိဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၀၉ ဒသမ ၂၀ ကီလိုမီတာ(ဖိုဂ် ဒသမ ၈၆ မိုင်)ဖြစ်ပါကြောင်း၊ စီမံကိန်းတစ်ခုလုံး ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းကို ၂၀၁၇ ခုနှစ် မေ ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ မြန်ဆန်ချောမွေ့စေရန်အတွက် ၂၀၁၈ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ကန်ထရိုက်တာဖြစ်သော C & C Construction Co., Ltd. ကိုယ်စားဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအမည်ဖြင့် စက်၊ ယာဉ်၊ ယန္တရားများကို ပြန်လျှောအကောက်ခွန်စနစ်(Drawback)ဖြင့် တင်သွင်းခွင့်ပေးခဲ့ပါကြောင်း။

စီမံကိန်းအတွက် တင်သွင်းခဲ့သော စက်၊ ယာဉ်၊ ယန္တရားများအနက် မော်တော်ယာဉ် ငါးစီးသည် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် “၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ဇယားအမှတ်စဉ်(၁၃) အရ” အထူးကုန်စည်ခွန် ငါးရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပလက်ဝ–ဇိရမ်ပူရ် နှစ်လမ်းသွားလမ်း ဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ် ငါးစီးကို ပြည်တွင်းသုံးစွဲမှုစနစ်(Home Consumption)အဖြစ် ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက ပေးဆောင်ရမည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် “၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇” ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပလက်ဝ–ဇိရမ်ပူရ် နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်းစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့(Grant Aid)ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းအတွက် Drawback စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ် ငါးစီးကို လက်ရှိအခြေအနေအရ ပြန်လည်တင်ပို့နိုင်ခြင်းမရှိသည့်အတွက် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်သဖြင့် မူလတင်သွင်းစဉ်က မကျသင့်ခဲ့သည့် အထူးကုန်စည်ခွန်များကို ပြန်လည်ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့သော်လည်း အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံက အထောက်အပံ့အဖြစ်ပေးအပ်သည့် စီမံကိန်းဖြစ်ခြင်း၊ မော်တော်ယာဉ်များကို ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းမပြုတော့ဘဲ ပြည်တွင်းသုံးစနစ်သို့ ပြောင်းလဲအသုံးပြုမည်ဖြစ်ခြင်းတို့ကြောင့် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မော်တော်ယာဉ် ငါးစီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁/၂၀၂၆) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးမြင့်စန်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများ၏ ကုန်ကြမ်းလိုအပ်ချက်၊ ပြည်တွင်းကုန်ကြမ်းရရှိနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကဏ္ဍအလိုက် စာရင်းကောက်ယူစိစစ်ပြီး ပြည်တွင်းကုန်ကြမ်းထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ကုန်ထုတ်လုပ်ငန်းများကြား ချိတ်ဆက်ပေးခြင်း၊ ကုန်ကြမ်းပေးသွင်းမှုကွင်းဆက်ဖွံ့ဖြိုးလာစေရန် ပံ့ပိုးခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဌေကြေးရရှိရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းလည်ပတ်ငွေ၊ စက်ပစ္စည်းဝယ်ယူငွေနှင့် ရင်းနှီးမြှုပ်နှံငွေလိုအပ်ချက်များကို စိစစ်ပြီး ဘဏ်များနှင့် သက်ဆိုင်ရာ ဌေကြေးထောက်ပံ့ရေးအစီအစဉ်များကို လက်လှမ်းမီစေရန် လမ်းညွှန်ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ချေးငွေထုတ်ပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့မှာ သက်ဆိုင်ရာဘဏ်နှင့် ရန်ပုံငွေစည်းမျဉ်းများအပေါ်၌ မူတည်မည်ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုဇုန်နှင့် MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသအလိုက် စုစည်းတင်ပြပြီး လျှပ်စစ်ဓာတ်အားရရှိမှု တိုးတက်စေရေး၊ စွမ်းအင်သုံးစွဲမှုထိရောက်စေရေးနှင့် လုပ်ငန်းလည်ပတ်မှု၊ ထိခိုက်မှုလျော့နည်းစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်၊ ထုတ်ကုန်ဒီဇိုင်းတီထွင်မှုနှင့် အခြားဉာဏပစ္စည်းမူပိုင်ခွင့်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ကာကွယ်နိုင်ရေးအတွက် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလမ်းညွှန်ပေးခြင်းနှင့် သက်ဆိုင်ရာမူပိုင်ခွင့်ဌာနများ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသေးစား၊ အငယ်စား၊ အလတ်စား (MSME)စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထူထောင်ပြီး လုပ်ငန်းလည်ပတ်ရန်လိုအပ်ချက်များ၊ နည်းပညာဆိုင်ရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးကြည်လင်းထက်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ နိုင်ငံ၏စီးပွားရေးတွင် လယ်ယာကဏ္ဍသည် အခြေခံကဏ္ဍဖြစ်ပြီး လယ်ယာကဏ္ဍတွင် Primary Commodity ဟုခေါ်သည့် အခြေခံကုန်စည်များပါဝင်သည့်အတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ တိုးတက်လာပါက လယ်ယာကဏ္ဍတိုးတက်သကဲ့သို့ စက်မှုကဏ္ဍတွင်လည်း တိုးတက်လေ့ရှိပါကြောင်း၊ GDP တွင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့၏ပါဝင်မှုများ လျော့နည်းခြင်း၊ မြင့်တက်ခြင်းတွင် အဆိုပါကဏ္ဍများ၏ တိုးတက်မှုလျော့နည်းခြင်းမဟုတ်ဘဲ ကဏ္ဍ၏ ပါဝင်မှုပြောင်းလဲခြင်း တစ်နည်းအားဖြင့် စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲခြင်းသာဖြစ်ပါကြောင်း၊ အဆိုပါကဏ္ဍ သုံးခုအနက် ကဏ္ဍတစ်ခုခုမှ တိုးတက်မှုနှုန်းလျော့နည်းမှသာ အဆိုပါကဏ္ဍ၏ GDP လျော့နည်းမည်ဖြစ်ပါကြောင်း၊ ကဏ္ဍကြီးများ၏ ပါဝင်မှုလျော့နည်းခြင်းကြောင့် Aggregate Expenditure တွင်ဖော်ပြသကဲ့သို့ လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုကျဆင်းခြင်းမဟုတ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီးပွားရေးဆိုင်ရာများအပြင် လူမှုရေးဆိုင်ရာများ ထည့်သွင်းဖော်ပြနိုင်ရေးနှင့်စပ်လျဉ်းပြီး ၂၀၂၅–၂၀၂၆ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာ စာမျက်နှာ ၁၇၊ ၁၈ တွင် လူမှုရေးဆိုင်ရာအချက်အလက်များကို ထည့်သွင်းထားရှိပြီးဖြစ်ပါကြောင်း၊ လူမှုရေးဆိုင်ရာ အချက်အလက်အများစုပါဝင်သည့် SDG Indicator Report ကို နှစ်စဉ် Update ပြုလုပ်ထားပြီး အဆိုပါ SDG အစီရင်ခံစာတွင် လူမှုရေးဆိုင်ရာ အချက်အလက်များပါရှိပြီးဖြစ်သည့်အတွက် လူမှုရေးဆိုင်ရာအချက်အလက်များကို အဆိုပါအစီရင်ခံစာတွင်ရရှိနိုင်ပါကြောင်း။

ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဝီကျိန်ဝိုက်မန်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း ဒေသအလိုက်အားသာချက်နှင့် အလားအလာရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဖော်ထုတ်၍ ဦးစားပေးစီမံကိန်းများချမှတ်သင့်ကြောင်းနှင့် အခြေခံအဆောက်အအုံများဖြည့်ဆည်းပေးရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေး ကာကွယ်စောင့်ရှောက်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

အရင်းအနှီးပံ့ပိုးပေးခြင်း၊ မျိုးရရှိရေး စီမံဆောင်ရွက်ပေးခြင်း၊ သင်တန်းပေးခြင်း၊ ဒေသစားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပိုးချည်ကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်က လိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ ဌာနပိုင်ပိုးစာခြံများက တောင်သူများကို နည်းပညာပေးခြင်းနှင့် ပိုးထွက်ထုတ်ကုန်များ ဈေးကွက်ရောင်းချနိုင်သည်ထိ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ လက်ရှိတွင် ဌာနဆိုင်ရာအသီးသီး၌ ဌာနတွင်းစာရင်းစစ်အဖွဲ့ကို သီးခြားဖွဲ့စည်းပြီး လွတ်လပ်စွာ ဖွဲ့စည်းစစ်ဆေးခြင်း၊ ဝန်ကြီးဌာနအတွင်း ဦးစီးဌာနအချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက မြေပြင်ကွင်းဆင်းစစ်ဆေးပြီး စီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေကို သုံးလပတ် အလိုက် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း Real Time Audit စနစ်ဖြင့် စစ်ဆေးလျက်ရှိခြင်း စသည့် Check၊ Recheck၊ Counter Check ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါသဖြင့် လမ်းစဉ်ပါတီခေတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကဲ့သို့ သီးခြားအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းရန် မလိုအပ်ပါကြောင်း၊ စာရင်းများစုစည်းရာ၌ အထက်အောက် ဘေးတိုက်စုစည်းမှုများဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ဌာနများက ကောက်ခံထားသည့် စစ်တမ်း (Survey)များ၊ လေ့လာမှု(Case Study)များကို အခြေခံ၍ ကိန်းဂဏန်းစုစည်းမှုများ ရယူလျက်ရှိပါကြောင်း။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် (Public Transportation)ကို နိုင်ငံတော်၏ လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရသောဌာနဖြစ်ပြီး နိုင်ငံတော်၏ ပို့ဆောင်ရေးကဏ္ဍကို အထောက်အကူပြုနိုင်စေရန် အခြားသောပုဂ္ဂလိကရေယာဉ်များနှင့် ယှဉ်ပြိုင်ပြေးဆွဲခွင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကျိုးအမြတ်ရရှိမှုကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်း မရှိဘဲ ပြည်သူများ၏ လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရေး၊ စရိတ်စကသက်သာစေရေးတို့အတွက် အဓိကရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဌာနအနေဖြင့် လျာထားဝင်ငွေပြည့်မီစေရေးအတွက် ဌာနပိုင်သင်္ဘောကျင်းများတွင် ပုဂ္ဂလိကရေယာဉ်များကို အသစ်တည် ဆောက်ပေးခြင်း၊ လွန်းတင်ပြင်ဆင်ပေးခြင်းဖြင့် ဝင်ငွေပိုမိုရရှိအောင်ဆောင်ရွက်ခြင်း၊ ဌာနပိုင် ဇက်ရေယာဉ်တစ်စီးကို ၂၀၂၅ ခုနှစ် စက်တင်ဘာလမှ စတင်ကာ Public Private Partnership – PPP ၏ နည်းလမ်းတစ်ခုဖြစ်သည့် Renovate Operate Transfer – ROT နည်းလမ်းဖြင့် အကျိုးတူပူးပေါင်း၍ ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်အဖြစ် အကြီးစားပြုပြင်ပြီး ဝင်ငွေရှာဖွေပေးနိုင်ခဲ့ခြင်းတို့ကြောင့် သတ်မှတ်ပေးထားသော ဝင်ငွေရှာဖွေရမည့် ပမာဏထက် ပြည့်မီကျော်လွန်အောင် ရှာဖွေပေးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်း (Public Transportation)ဖြစ်သည့်အတွက် နိုင်ငံတကာတွင် အစိုးရက အရှုံးခံပြေးဆွဲပေးနေသော လုပ်ငန်းဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၇၀၀ ဒသမ ၂၅ ရာခိုင်နှုန်း၊ ရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၃၂၆ ဒသမ ၉၂ ရာခိုင်နှုန်းထိ လျော့ချနိုင်ခဲ့ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင်လည်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး လျော့ချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်က အရှုံးသက်သာစေရေး နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီမံကိန်းများရေးဆွဲရာတွင် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၏လိုလားချက်၊ အမှန်တကယ်လိုအပ်ချက်နှင့် ရေရှည်လူမှုစီးပွားအကျိုးရရှိမှုတို့အပေါ် အခြေပြု၍ ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမှန်လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကို ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ်၌ စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၂၆)ပါ အကြံပြုချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များကို အလေးထားပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာဖြစ်လာစေရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာကို မှတ်တမ်းတင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁/၂၀၂၆)ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်က အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် နှစ်ပတ်လည်အစီအရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၂၆)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမှန်လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကို ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ်၌ စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၂၆)ပါ အကြံပြုချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များကို အလေးထားပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာဖြစ်လာစေရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာကို မှတ်တမ်းတင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁/၂၀၂၆)ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်က အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် နှစ်ပတ်လည်အစီအရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၂/၂၀၂၆)အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာနှစ် (ယာယီအမှန်စာရင်း)တွင် ကုန်သွယ်မှုစာရင်းအရ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း ၃၀ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါ) ရှိသည့်အနက် အမြတ်ပေါ်သည့် အဖွဲ့အစည်း ၂၃ ခု၊ အရှုံးပေါ်သည့် အဖွဲ့အစည်း ခုနစ်ခုရှိပါကြောင်း၊ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့သည် ဘဏ္ဍာရေးအခြေအနေအရ အရှုံးဖြစ်ပေါ်နေသော်လည်း ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် မီခိုအားထားရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသဖြင့် အရှုံးလျော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်မှုရှိလာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အရှုံးဖြစ်ပေါ်ရခြင်းမှာ နိုင်ငံခြားသို့ သစ်အလုံးလိုက်တင်ပို့မှုမရှိခြင်း၊ သစ်ထုတ်လုပ်မှုများ ကျဆင်းခဲ့၍ ဝင်ငွေကျဆင်းခဲ့ခြင်း၊ သစ်ထုတ်လုပ်မှုစရိတ်များ တိုးမြင့်လာခြင်းနှင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုရငွေသည် ဆောင်ရွက်မှုကုန်ကျစရိတ်ကိုပင် ကာမိနိုင်မှုမရှိခြင်းတို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက အရှုံးလျော့နည်း၍ အမြတ်ပေါ်ပေါက်စေရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် အရှုံးဖြစ်ပေါ်နေသည့် အဖွဲ့အစည်း သုံးခု၏ နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူဆောင်ရွက်ရန် ဖိတ်ခေါ်ထားခြင်းများ ဆောင်ရွက်၍ အရှုံးဖြစ်ပေါ်နေမှုကိုသက်သာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာအပိုဒ် ၁၇ (ဂ)နှင့်စပ်လျဉ်း၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းတင်ပြချိန်တွင် ကြွေးမြီနှင့် GDP အချိုးတွက်ချက်နိုင်ရန် ကြွေးမြီလက်ကျန်ကို ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

အစီရင်ခံစာအပိုဒ် ၁၇ (ဃ)နှင့် အပိုဒ် ၁၇(င) တို့နှင့်စပ်လျဉ်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေများသည် BE ၏ ၁၀ ရာခိုင်နှုန်းအထက် တောင်းခံရခြင်းသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင် လှုပ်ခတ်မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများ၊ လမ်းတံတားနှင့် ကျောင်း၊ အဆောက်အအုံများ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်သုံးစွဲရခြင်းကြောင့် ဖြစ်ပါကြောင်း။

အစီရင်ခံစာအပိုဒ် ၁၇ (စ)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘဏ္ဍာနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသောရန်ပုံငွေဖြင့် မလုံလောက်ခြင်းကြောင့် ထပ်မံလိုအပ်သော အသုံးစရိတ်များကို မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် အထွေထွေပို့လှုံရန်ပုံငွေ(GRF)မှ လွှဲပြောင်းသုံးစွဲခြင်းတို့ကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပြီး မဖြစ်မနေလိုအပ်မှသာ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများသို့ နှစ်စဉ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့်အမှာစာတွင် တစ်ပါတည်းထည့်သွင်း အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်ရာတွင်လည်း ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အဆိုပါညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အစီရင်ခံစာအပိုဒ် ၁၇ (ဆ)နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အခွန်ရငွေတွင် အများဆုံးပါဝင်လျက်ရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ရငွေများတိုးတက်ကောက်ခံရရှိရေးအတွက် အခွန်နှုန်းကို မတိုးမြှင့်ဘဲ အခွန်အခြေနှင့် အခွန်နယ်ပယ် (Tax Base)ကို ချဲ့ထွင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခွန်ပေးဆောင်ထိုက်သော ဝင်ငွေရှိသည့်သူ အားလုံးက မိမိတို့ကိုယ်တိုင်အခွန်တွက်ချက်ပေးဆောင်စေနိုင်သည့် (Self Assessment System–SAS) ကိုယ်တိုင်စည်းကြပ်သည့်အခွန်စနစ်ကို ကျင့်သုံးသည့် ရုံးများ တိုးချဲ့အသုံးပြုနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစနစ်ကို မြို့နယ်ရုံးများထိ ကျင့်သုံးနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အခွန်အသိပညာပေးခြင်းလုပ်ငန်း Tax Awareness Campaign များကို ရက် ၁၀၀ ကာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ပြီး ပညာပေးလုပ်ငန်းများကို နှစ်အလိုက် အစီအစဉ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဇ)နှင့် အပိုဒ် ၁၇ (ဈ)တို့နှင့်စပ်လျဉ်း၍ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် လိုက်နာရမည့်ညွှန်ကြားချက်၌ နှစ်အတွင်း အမှန်တကယ်ဆောင်ရွက်ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏကိုသာ လျာထားဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းစဉ်များကို အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းတို့နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ည)နှင့်စပ်လျဉ်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း (Budgetary Assumption Rate)ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြစ်သော အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် သာ တွက်ချက်ခြင်းဖြစ် ပါကြောင်း၊ စီမံကိန်းအလိုက် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အချိန်မီပြီးစီးရန်နှင့် နိုင်ငံ့ဘဏ္ဍာငွေများ အလဟဿဆုံးရှုံးခြင်း မဖြစ်ပေါ်စေရန်အတွက် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)ကို

စာမျက်နှာ ၂၀ သို့

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ





နေပြည်တော် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင့်သဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါကောလိပ် စတင်ဖွင့်လှစ်သည့် အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၆၅ ဦး၊ သိပ္ပံဘွဲ့ ၁၃၂၉ ဦး၊ နည်းပညာ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၀၂၇ ဦး၊ စုစုပေါင်းဦးရေ ၃၂၆၀ ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အားပေးထောက်ပံ့ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၀၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၂၄ ဦး၊ မဟာသုတေသနဘွဲ့ ၆၆ ဦး၊ Ph.D ဘွဲ့ ၃၅ ဦး၊ B.E ဘွဲ့ ၅၃၃၉ ဦး၊ M.E ဘွဲ့ ၄၈ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦးရရှိကြောင်း သင်တန်းဆင်းပွဲမှ သိရသည်။

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့တတ်မြောက်ထားရှိသည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစား အားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ပိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသား တစ်ဦးနှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသား တစ်ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆု ရ ကျောင်းသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကျောင်းသား၊ ကျောင်းသူ ၂၄၆ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများကို ဂုဏ်ပြုအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ဒီဂရီကောလိပ်အတွင်းရှိ သက်သာချောင်ချိရေးအရောင်းဆိုင်၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်ထပ် ကျောင်းသူအိပ်ဆောင် ဆောက်လုပ်နေမှုမှ မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)က ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်



အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre)သည် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တို့ရှိ အိမ်ထောင်စုများ ထံသို့ ၂၈-၁၀-၂၀၂၆ ရက်မှ ၁၀-၁၁-၂၀၂၆ ရက်ထိ လူသားချင်းစာနာမှုအကူအညီများဖြစ်သည့် ဆန်အိတ်များ၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့တွင်လည်း ၁၆-၁၁-၂၀၂၆ ရက်မှ ၃၀-၁၁-၂၀၂၆ ရက်ထိ အကူအညီများ ဖြန့်ဝေသွားမည်ဖြစ်သည်။

အာဆီယံ၏ လူသားချင်းစာနာမှုအကူအညီများကို အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာနကတစ်ဆင့် မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှစ၍ ပထမအဆင့် (အသက်ကယ်ဆယ်ရေး)နှင့် ဒုတိယအဆင့် (ဘဝရှင်သန်တည်မြဲရေး)ဟူ၍ အဆင့် နှစ်ဆင့်ဖြင့် ပေးအပ်လျက်ရှိသည်။

ပထမအဆင့်အကူအညီများအဖြစ် ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လထိ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတို့အတွက် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၆ သန်းကျော်တန်ဖိုးရှိ ပစ္စည်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်းမိုခါ (၂၀၂၃ ခုနှစ်)နှင့် တိုင်ဖွန်းမုန်တိုင်းရာဂီ(၂၀၂၄ ခုနှစ်)တို့အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော်နှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီပစ္စည်းများနှင့် မန္တလေးငလျင်ကူညီကယ်ဆယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုအကူအညီများကို သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ပေးအပ်ခဲ့ပြီးဖြစ်သည်။

ဒုတိယအဆင့် အကူအညီပေးအပ်မှုကို ၂၀၂၃ ခုနှစ် မေလမှစတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာလထိ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၄ သန်းခန့်တန်ဖိုးရှိ အစားအစာ၊ အစားအစာမဟုတ်သည့် အကူအညီများ၊ မိသားစုသုံးပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

အာဆီယံက AHA Centre ကတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီပေးအပ်မှုတန်ဖိုးမှာ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် စက်တင်ဘာလထိ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄ သန်းခန့် ရှိပြီဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် AHA Centre အမှုဆောင် ဒါရိုက်တာ ဦးဆောင်ပြီး ရန်ကုန်မြို့အခြေစိုက် အာဆီယံနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များပါဝင်သည့် အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team–AMT)ကို AHA Centre ၏ လူသားချင်းစာနာမှုအကူအညီ ဖြန့်ဝေပေးအပ်မှုများကို လက်တွေ့လေ့လာကြည့်ရှုနိုင်ရန် အတွက် ခွင့်ပြုပေးလျက်ရှိသည်။ အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဇူလိုင်လထိ လက်တွေ့လေ့လာကြည့်ရှုမှု ၁၇ ကြိမ်၊ အဝေးရောက်လေ့လာကြည့်ရှုမှု တစ်ကြိမ်၊ စုစုပေါင်း ၁၈ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) သည် အာဆီယံဒေသအတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုအတွက် အာဆီယံနိုင်ငံများကြားနှင့် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ တည်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် ငါးရပ်၏ အချက် (၄)ဖြစ်သည့် အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီပေးအပ်သည့် လုပ်ငန်းစဉ်များတွင် AHA Centre နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

စာမျက်နှာ ၁၉ မှအဆက်

မူလခန့်မှန်းခြေငွေစာရင်းပါ လျာထားငွေများကို ဈေးနှုန်းပြောင်းလဲခြင်း၊ နေရာဒေသအခြေအနေအရ မဆောင်ရွက်နိုင်ခြင်းကြောင့် ပို့ငွေဖြစ်ပေါ်ခြင်းကိုသာ ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် အရင်းပြန်ဆပ်ငွေကို ကြွေးမြီအသုံးစရိတ်တွင်လည်းကောင်း၊ အတိုးပေးငွေကို သာမန်အသုံးစရိတ်တွင်လည်းကောင်း သီးခြားထည့်သွင်းဖော်ပြထားပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအမှတ်စဉ်(၂/၂၀၂၆)အပေါ် သဘောထားမှတ်ချက်များနှင့် ဆွေးနွေးချက်များအပေါ် မှတ်သားထားရှိ၍ ဆက်လက်သုံးသပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုပါပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၂/၂၀၂၆)ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေက အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော် နာယက ကလွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီအရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ရုပ်သံနိုင်ကြည့်ရန်

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

မန္တလေးတိုင်းဒေသကြီးအတွင်း စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ်ရွေးချယ်ထားသည့် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်စီမံကိန်းဖြစ်နိုင်ခြေလေ့လာတွေ့ရှိသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေး

မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများကို မန္တလေးတိုင်းဒေသကြီးအတွင်း စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရွေးချယ်ထားသည့် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန် စီမံကိန်းဖြစ်နိုင်ခြေလေ့လာတွေ့ရှိ သုံးသပ်ချက်များနှင့်စပ်လျဉ်း၍ မင်းမဟာကုမ္ဗဏီမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့ကို အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရည်မှန်းထားသည့် အတိုင်း ရေခဲမြေခံနှင့်အခြေခံကောင်းများကို ကောင်းမွန်စွာအသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်း MSME များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ ဒေသများအလိုက် ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ပို့မိအားကောင်းလာစေရေး စနစ်တကျ စီမံဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**





ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးစဉ်။

❖ ယာယီနေရပ်စွန့်ခွာမှ

ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့်ဌာနဆိုင်ရာအဖွဲ့များက ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ တို့၏နေရပ်များတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လိုအပ်သည့်ကူညီထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကိုလည်း ပြန်လည်ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာသူများ၊ ၎င်းတို့၏နေရပ်များသို့ အဆင်ပြေချောမွေ့စွာပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာအဖွဲ့များနှင့် နေရပ်ပြန် ဒေသခံပြည်သူများပါဝင်သည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် ဟားခါးမြို့မှ ထွက်ခွာလာပြီး နေ့လယ်ပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဟားခါး–ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးနောက် အဆိုပါဒေသများအတွင်း တိုက်ပွဲများကြောင့် ခေတ္တရှောင်တိမ်းနေထိုင်ခဲ့ကြသည့် နေရပ်စွန့်ခွာဒေသခံပြည်သူများ မိမိတို့နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့သည့် လူနေအိမ်များ၊ ဌာနဆိုင်ရာရုံး၊ အဆောက်အအုံများ ပြန်လည်ပြုပြင်ပေးခြင်း အစရှိသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများနှင့်အတူ လက်တွဲ ပူးပေါင်းကာ လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

❋ ဓာတ်အားလိုင်းမှ

ကြွေသီးတွဲအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၂ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပြီး ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်စဉ် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့၊ မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည် ဖြစ်သည့်အတွက် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ လေဖိအားနည်းရပ်ဝန်းမှ

လေဖိအားနည်းရပ်ဝန်း(Low Pressure Area)၏အရှိန်ကြောင့် ယနေ့ နေ့လယ်မှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိုပိစိုပိမှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/၈၃)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁) ဦးဥာဏ်လင်းထွေး	ညွှန်ကြားရေးမှူးချုပ်
ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး	နိုင်ငံရေးနှင့်ပြည်တွင်းလုံခြုံရေး
မန္တလေးတိုင်းဒေသကြီး အထွေထွေ	ဆိုင်ရာဌာနကြီး
အုပ်ချုပ်ရေးဦးစီးဌာန	နိုင်ငံတော်သမ္မတရုံး
ပြည်ထဲရေးဝန်ကြီးဌာန	
(၂) ဦးဝင်းဇော်မိုး	ညွှန်ကြားရေးမှူးချုပ်
ဒုတိယညွှန်ကြားရေးမှူးချုပ်	ပင်စင်ဦးစီးဌာန
နိုင်ငံတော်သမ္မတရုံး	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(၃) ဦးလှိုင်စိုးသန့်	ညွှန်ကြားရေးမှူးချုပ်
ဒုတိယညွှန်ကြားရေးမှူးချုပ်/အုပ်ချုပ်ရေးမှူး	စားသုံးသူရေးရာဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး အထွေထွေ	စီးပွားရေးနှင့်ကူးသန်း
အုပ်ချုပ်ရေးဦးစီးဌာန	ရောင်းဝယ်ရေးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန	
(၄) ဦးမိုးဟိန်း	ညွှန်ကြားရေးမှူးချုပ်
ဒုတိယညွှန်ကြားရေးမှူးချုပ်	ဝန်ထမ်းရေးရာဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး	ပြည်ထောင်စုရာထူးဝန်အဖွဲ့


တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုသွင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၃၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

၃၀-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၀ ~ ၃၆၇၁	၅၁၇ ~ ၅၁၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၁,၇၉၁,၁၂၁.၅၆	၁,၉၅၁,၇၄၂.၀၀	၂၃,၁၄၇,၄၀၄.၁၀	

သစ်တောတွေထိန်း တောတွေစိမ်းမှု ငြိမ်းချမ်းပြည်ရှာ နိုင်ငံသား၏။

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ(၂/၂၀၂၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီးမြေစာရင်းဦးစီးမှူးက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများအပေါ် တင်ပြလာသည့်အမှုတွဲများ၏အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးတင်ပြပြီး ခရိုင်များမှခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေးဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြအကြံပြုကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကျောက်တန်းမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါရပ်ကွက်ရှိ ထာဝရဝိပဿနာ ရွှေပင်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၃၆ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း မလေးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၃၀

မလေးရှားနိုင်ငံ၌ကျင်းပမည့် ၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ မလေးရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို ယနေ့မှ နိဝင်ဘာ ၁၉ ရက်ထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၅၅ ဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(၅၀၁)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှု ပြန်လည်ပြုပြင်ခြင်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိ ရေ ၂၉၆ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၈ ဒသမ ၅၅ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီး ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချိုနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင် ကျောင်းသား တစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့်ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှူးထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ဆရာမများ၊မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် အောက်တိုဘာ ၃၀

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင်အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင်လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ ကျောင်းပြင်ပဗဟုသုတများ ရရှိစေရန်နှင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ



၍ သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ပြကွက်တွေကတော့ ကြည်း၊ ရေ၊ လေ စတဲ့ ပြကွက်တွေ၊ ပြီးသွားလို့ရှိရင် အတွင်းပြခန်းတွေ၊ အပြင်ပြခန်းတွေလိုက်ပြီးတော့ တာဝန်ရှိတဲ့ လူကြီးတွေက လာပြီးတော့ ကျွန်တော်တို့ကိုရှင်းပြပါတယ်။ ကြည်းပြခန်းမှာဆိုရင် ကျွန်တော်တို့ ဘာတွေ လေ့လာခဲ့ရလဲဆိုလို့ရှိရင် တိုက်ပွဲအတွင်း အသုံးပြုခဲ့တဲ့ ကုန်တင်ကားတွေ၊ ပြီးရင်



လက်နက်တွေပေါ့။ အဲ့ဒါတွေကို ကျွန်တော်တို့လေ့လာခဲ့ရပါတယ်။ ရေပြခန်းမှာဆိုရင်လဲ ရေငုပ်သင်္ဘောတွေ၊ ပြီးသွားလို့ရှိရင် ရေငုပ်သင်္ဘောအတွက်ပဲ သီးသန့်ပြဖို့ ဆိုပြီးတော့ ထုတ်ထားတဲ့ ဒုံးကျည်တွေ အဲ့ဒီဟာတွေကို ကျွန်တော်တို့ သေချာလေး အသေးစိတ်လေ့လာခဲ့ရပါတယ်။ လေမှာဆိုရင်လဲ ကျွန်တော်တို့တိုက်ပွဲအတွင်းအသုံးပြုခဲ့တဲ့ လေယာဉ်တွေ အကြောင်းကို အသေးစိတ်နားလည်ခဲ့ရပါတယ်။ ကျွန်တော်တို့ကို ဒီလိုလေ့လာခွင့်ပေးတဲ့အတွက် တာဝန်ရှိတဲ့လူတွေ အားလုံးကို ကျွန်တော်ဒီနေရာကနေ အားလုံးကျေးဇူးတင်ပါတယ်လို့ ပြောကြားချင်ပါတယ်"ဟု ပြောသည်။

"မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးအကြောင်း



ကြောင်းအနေနဲ့ ဆက်စပ်ပြီးတော့လဲ ဒီမှာလေ့လာပြီးတော့ သိရှိရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့အတွက် များစွာဗဟုသုတရပါတယ်။ နောက်တစ်ခါ စစ်သမိုင်းအနေနဲ့ပတ်သက်ပြီးတော့ သူတို့လေ့လာခွင့်ရတာဖြစ်တဲ့အတွက်ကြောင့် စိတ်လဲတက်ကြွတယ်ပေါ့နော်။ အခုလို လိုက်ပြီးတော့ ကျောင်းသား၊ကျောင်းသူတွေကို တကူးတကနဲ့ လာရောက်ပြီးတော့ လေ့လာစေတဲ့အတွက်ကြောင့်မို့လို့ ဒီလေ့လာရေးခရီးကိုစီစဉ်ပေးတဲ့ အကြီးအကဲတွေနဲ့တကွ မြို့နယ်ပညာရေးမှူးနဲ့ ကျောင်းအုပ်ဆရာမကြီးကိုလဲ ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ် "ဟု ပြောသည်။

(၅၀၁)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်နိုင်ဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရဇော်လွင်စိုး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် သင်တန်းသား၊သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲတွင် စံပြထူးချွန်ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းဆင်းပွဲကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

❑ **သင်တန်းဆင်းပွဲကျင်းပမှ**

မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယနေ့တွင် အောင်မြင်စွာသင်တန်းဆင်းပေးနိုင်ခဲ့သည်။

အဆိုပါ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင်များ မိုးရာသီ စခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများကို နေပြည်တော်ကောင်စီ နယ်မြေ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဗထူးတပ်မြို့၌လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း နယ်မြေခံ သင်တန်းကျောင်းများ၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုတံဆိပ်များပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါသင်တန်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၁၂ ဦးတို့ကို သင်တန်းကာလ ရက်ပေါင်း



၃၀ ဖွင့်လှစ်၍ ကိုယ်လက်ကြံခိုင်ရေး ဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ် ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာ ဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်းလက်တွေ့ ပစ်ခတ်ခြင်းသင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေ ဗဟုသုတရရှိစေရေးအတွက် ပြင်ပ လေ့လာရေးခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလိုကြားသိရပါတယ်-

“ကျွန်တော်အခုရရှိခဲ့တဲ့ ဆုကတော့ သေနတ်ပစ် လက်ဖြောင့်ဆုဖြစ်ပါတယ်ခင်ဗျ။ ဒီဆုကိုရရှိဖို့အတွက် ကျွန်တော်က နည်းပြဆရာများရဲ့ ညွှန်ကြားချက်တွေ၊ သင်ကြားပြသမှုတွေကို အတိအကျ လိုက်နာပြီးတော့ပစ်ခတ်ခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျ။ UTC တက်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ အဖွဲ့လိုက်လုပ်ဆောင်မှုတွေကို ကျွန်တော်တို့သင်ကြားသိရှိခဲ့ရပါတယ်ခင်ဗျ။ ထို့ပြင် နိုင်ငံသားတိုင်း တက်ရောက်သင့်တဲ့ အတတ်ပညာတွေကိုလဲ သင်ကြားသိရှိခဲ့ရပါတယ် ခင်ဗျ။ သင်တန်းသား၊ သင်တန်းသူတွေရော သင်တန်းနည်းပြတွေကိုရော ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ် ခင်ဗျ”ဟု ပြောသည်။

“ညီမရရှိခဲ့တဲ့ ဆုကတော့ စံပြကျောင်းသူ အထူးဆုဖြစ်ပါတယ်။ ဒီဆုရရှိအောင် သင်တန်းကာလတစ်လျှောက်လုံး ဆရာတွေရဲ့ သင်ကြားပြသမှုတွေကို လိုက်နာတယ်၊ စည်းကမ်းတွေကို စနစ်တကျ စောင့်ထိန်းတယ်၊ အဲဒါတွေကြောင့် ရရှိခဲ့တယ်လို့ ယူဆပါတယ်။ အမိတက္ကသိုလ်အတွက် ဂုဏ်ဆောင်နိုင်တဲ့ သူတစ်ယောက်ဖြစ်တဲ့အတွက်လဲဝမ်းသာဂုဏ်ယူရပါတယ်။ ဒီလိုဆုရတဲ့အတွက် ကြောင့်မို့လို့ ဒီပါချုပ်နဲ့တကွ ဌာနမှူးတွေပြီးလို့ရှိရင် သင်တန်းနည်းပြတွေကိုလဲ ဂုဏ်ယူဝမ်းမြောက်မယ်လို့ ယူဆမိပါတယ်။ UTC တက်ရတဲ့အတွက် ပိုပြီးတော့ စနစ်တကျရှိလာတယ်။ ပြီးလို့ရှိရင် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုတွေလဲ ပိုကောင်းလာတယ်။ တာဝန်သိတတ်တဲ့ စိတ်တွေလဲ ပိုများလာပါတယ်။ အခုလို သင်တန်းကို ဖွင့်လှစ်သင်ကြားပေးတဲ့



နိုင်ငံတော်အကြီးအကဲနဲ့တကွ သက်ဆိုင်ရာတာဝန်ခံများ၊ သင်တန်းနည်းပြများ ပြီးလို့ရှိရင် အဘက်ဘက်က ကူညီပံ့ပိုးပေးကြတဲ့သူတွေအားလုံးကိုလဲ ကျေးဇူးအထူးတင်ရှိပါတယ်”ဟု ပြောသည်။ (၅၀၁)

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချ ဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် လေးလုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်း ရရှိသည်။ (၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။









ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို ယန္တရားများဖြင့် ဖြိုချဖျက်ဆီးထားမှုမှတ်တမ်းဓာတ်ပုံ။



နမ့်စန်မြို့နယ် ပေါ်ကျဲရွာအနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦး ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

● နမ့်စန်မြို့နယ်မှ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် နမ့်စန်မြို့နယ် ပေါ်ကျဲကျေးရွာ၏ အနောက်မြောက်ဘက် မိတာ ၁၇၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၈ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၃၀၊ အနံ ၁၅ ပေ ယာယီလူနေတဲ့ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီလူနေတဲ့ နှစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေ ယာယီအလုပ်ရုံတဲ့ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီစားချက်ဆောင် တစ်လုံး၊ Star Link နှစ်လုံး၊ ALL In One Computer ခုနစ်လုံး၊ Color Printer တစ်လုံး၊ ဖုန်းမျိုးစုံ ၁၆ လုံး၊ CPU(မကောင်း)နှစ်လုံး၊ မီးစက်ကြီးနှစ်လုံး၊ ဆက်စပ်ပစ္စည်းများ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)







နမ့်စန်မြို့နယ် ပေါ်ကျဲရွာအနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက် NUG လက်အောက်ရှိ ဟင်္သာတခရိုင်တပ်ရင်း(၃)မှ တပ်ရေးတာဝန်ခံ ဝင့်လွှာအောင် ခေါ် စစ်ငြိမ်းမေ ကို ဖမ်းဆီးရမိ



ဖမ်းဆီးရမိ တရားခံ အကြမ်းဖက် PDF အဖွဲ့ဝင် ဝင့်လွှာအောင် ခေါ် စစ်ငြိမ်းမေ ၃၃ နှစ်။

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့်နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများ အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့၊ ညမပြတ် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်အရ အောက်တိုဘာ ၁၀ ရက်တွင် ဟင်္သာတခရိုင် တပ်ရင်း(၃)အမည်ခံ အကြမ်းဖက် PDF အဖွဲ့မှ တပ်ရေးတာဝန်ခံအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဝင့်လွှာအောင် ခေါ် စစ်ငြိမ်းမေကို လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင် ခေါ် စစ်ငြိမ်းမေ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် မေလမှ ဇွန်လထိ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော KNUအဖွဲ့၏ တပ်မဟာ (၇)သို့သွားရောက်၍ အကြမ်းဖက်စစ်သင်တန်းတက်ရောက်ခဲ့ပြီး တပ်မဟာ (၇) ဟင်္သာတခရိုင်တပ်ရင်း(၁) ဧရာဝတီရိုးမစစ်ကြောင်းနှင့် ဟင်္သာတခရိုင်တပ်ရင်း (၃)တို့တွင် ရုံးတာဝန်ခံ၊ တပ်ရေး၊ တပ်ထောက် တာဝန်များစသည့် အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့သို့ပြန်လာခဲ့ပြီး ရန်ကုန်မြို့၌ ဟင်္သာတခရိုင်တပ်ရင်း(၃)၏ အုပ်ချုပ်ထောက်ပံ့မှု လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင် ခေါ် စစ်ငြိမ်းမေသည် ဟင်္သာတခရိုင်တပ်ရင်း(၃)တွင် တပ်ရေးတာဝန်ခံအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အင်အားစာရင်းများ ပြုစုခြင်း၊ အကြမ်းဖက်ထောက်ပံ့ငွေ အလွှဲ၊ အပြောင်းများကို ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်ပြန်တမ်းများပေးပို့ခြင်း၊ ထိခိုက်ကျဆုံး၊ ဒဏ်ရာရ စာရင်းများ ပေးပို့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဟင်္သာတခရိုင်တပ်ရင်း(၃)၏ အကြမ်းဖက် ထောက်ပံ့ ဝင်ငွေ၊ ထွက်ငွေကိစ္စရပ်များကို အွန်လိုင်းငွေကြေး ဝန်ဆောင်မှုစနစ်များ အသုံးပြု၍ လွှဲပြောင်း၊ လက်ခံခြင်းပြုလုပ်ခဲ့ကြောင်း၊ ၎င်းထံသို့ အကြမ်းဖက် MOD မှ သုံးလလျှင် တစ်ကြိမ် ပေးပို့သည့်လစာများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများက ပေးပို့သည့်ငွေများကို အကြမ်းဖက် PDF အဖွဲ့ ဟင်္သာတခရိုင်တပ်ရင်း(၃)မှ တပ်ရင်းမှူးအဆင့်ရှိ ရဲကျော်သူ ခေါ် ရဲခေါင်၏အစီအစဉ်ဖြင့် ပြန်လည်လွှဲပြောင်းပေးခြင်းများပြုလုပ်ခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင် ခေါ် စစ်ငြိမ်းမေကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုလုပ်ဆောင်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ၏ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

အကြမ်းဖက် NUG အဖွဲ့အတွက် Nway Oo Hti Website မှတစ်ဆင့် တရားမဝင်ထီရောင်းချသူ ကိုယ်စားလှယ်များ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၀

အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများကို အစဉ်တစိုက်ပြုလုပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့ပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အဖွဲ့များကို ထောက်ခံမှုနှင့် အားပေးကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၎င်းတို့အဖွဲ့ရေရှည်ရပ်တည်နိုင်ရန် အတွက် ၂၀၂၁ ခုနှစ် သြဂုတ်လခန့်မှစတင်၍ Nway Oo Hti Website ကို အသုံးပြုကာ တရားမဝင်ထီရောင်းချခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းမှ ရရှိငွေများကို အကြမ်းဖက်လုပ်ရပ်များကျူးလွန်နေသည့် ၎င်းတို့၏ လက်ဝေခံအဖွဲ့များထံသို့ ထောက်ပံ့လျက်ရှိကြောင်း၊ အကြမ်းဖက် NUG အဖွဲ့သည် နွေဦးထီရောင်းချနိုင်ရန်အတွက် ၎င်းတို့ကို ထောက်ခံအားပေးသူများကို ကိုယ်စားလှယ်အဖြစ်ထားရှိ၍ တရားမဝင် နွေဦးထီကို ရောင်းချလျက်ရှိကြောင်း အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လုပ်ရပ်များကိုမလိုလားသော အားချမ်းစွာ နေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရသည်။

အဆိုပါ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ်များ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ နန္ဒာလှိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နေ ဆုမြတ်ဝေ ခေါ် လေးပေါင်တို့ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နန္ဒာလှိုင်သည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ခန့်မှစ၍ နွေဦးထီရောင်းချသူ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ ဖမ်းဆီးရမိ တရားခံ ဆုမြတ်ဝေ ခေါ် လေးပေါင်သည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန်လမှစ၍ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၎င်းကိုယ်တိုင် တရားမဝင်နွေဦးထီများကို လစဉ်ဝယ်ယူခဲ့ကြောင်းနှင့် ထီရောင်းချသည့်ငွေများကို အကြမ်းဖက်အဖွဲ့များထံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံ နှစ်ဦးသည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင်များ အဖြစ်ဆောင်ရွက်ခြင်း၊ အကြမ်းဖက် ထောက်ပို့ငွေများကို ငွေပေး၊ ငွေယူ ပြုလုပ်၍လွှဲပြောင်းပေးခြင်း၊ တရားမဝင် နွေဦးထီလုပ်ငန်းတွင် ထီရောင်းချသူ ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ



ဖမ်းဆီးရမိ တရားခံ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ် နန္ဒာလှိုင် ၄၈ နှစ်။



ဖမ်းဆီးရမိ တရားခံ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ် ဆုမြတ်ဝေ ခေါ် လေးပေါင် ၃၉ နှစ်။

ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက် NUG အဖွဲ့၏ တရားမဝင် နွေဦးထီရောင်းချသူကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူများ၊ ဝယ်ယူအားပေးသူများနှင့် ပါဝင် ပတ်သက်သူများကို ဆက်လက်ဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်သည်။

CRPH၊ NUG အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများကို ထောက်ခံမှု၊ အားပေးကူညီမှုနှင့် ငွေကြေးထောက်ပံ့မှုများ မပြုလုပ်ခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်ဟု ရဲခေါင်က ဆိုသည်။

◆ မြန်မာတက်ဂ်ဘောအသင်းမှ

မြန်မာတက်ဂ်ဘော လက်ရွေးစင် အသင်းအနေဖြင့် Men's Double ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အတွဲ သုံးတွဲ၊ Women's Double ပြိုင်ပွဲတွင် အတွဲ နှစ်တွဲဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမပြိုင်ပွဲတွင် မြန်မာအသင်းမှ ကိုကိုလွင်နှင့် ရာဇာတို့အတွဲသည် ရိုမေးနီးယားအတွဲနှင့်လည်းကောင်း စတင်ယှဉ်ပြိုင်ခဲ့ပြီး အောင်ကျော်နှင့် ဖိုးသဲတို့အတွဲသည် ထိုင်းအတွဲနှင့်လည်းကောင်း၊ ကိုကိုလွင်နှင့် ရာဇာမိုးမြတ်တို့အတွဲသည် ထိုင်းအတွဲနှင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့သည်။

အလားတူ မြန်မာအသင်းမှ စောဖရိုက်ဒေးနှင့် စည်သူထွန်းတို့အတွဲသည် ဒုတိယပြိုင်ပွဲအဖြစ် ထိုင်းအတွဲ နှင့်လည်းကောင်း၊ အောင်ကျော်နှင့် ဖိုးသဲတို့အတွဲသည် လက်ရှိကမ္ဘာ့အဆင့်(၁)အတွဲ ရိုမေးနီးယားအတွဲနှင့် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။

FITEQ World Series 2026 Ayutthaya ပြိုင်ပွဲသည် FITEQ Teqball Tour ပြိုင်ပွဲကြီးဖြစ်၍ World Ranking မြင့်သည့် ကမ္ဘာ့ထိပ်သီးနိုင်ငံများမှ အားကစားသမားများနှင့် ရင်ဆိုင်ပြီး ယှဉ်ပြိုင်ခဲ့ရသော်လည်း ရလဒ်ကောင်းများရရှိအောင် မြန်မာ့တက်ဂ်ဘော လက်ရွေးစင် အားကစားသမားများ အနေဖြင့် ပြိုင်ပွဲအတွေ့အကြုံများနှင့် အားကစားသမားတစ်ဦးချင်း၏ ကြိုးစားမှုများပေါင်းစပ်ပြီး အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

သောင်ယံကမ်းက ဆန်းတော့သည်

မောင်ခြိမ့်



(၁)

လောကကြီးက ဆန်းတယ်ဆရာ၊ လောကကြီးထဲမှာရှိနေကြတဲ့ သက်ရှိသက်မဲ့အဖြစ်အပျက်တွေက ပိုပြီးတော့တောင်ဆန်းတယ်လို့ ပြောရမယ်ထင်ပါတယ်။ ဆရာတို့လို ပညာတတ်တွေကို ပြောပြရင် ဒါတွေဟာ မဖြစ်နိုင်ပါဘူးလို့ပြောမှာ ကျိန်းသေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆရာတို့က နေရာတကာမှာ ယုတ္တိပေတံနဲ့တိုင်းပြီး ယုတ္တိရှိတယ်ဆိုမှ လက်ခံကြတာကိုး၊ ဖြစ်နိုင်မဖြစ်နိုင်စဉ်းစားတွေးတောပြီး ဖြစ်နိုင်တယ်ထင်မှလက်ခံကြတာကိုး။ သက်သေပြနိုင်ရင်ပြ၊ မပြနိုင်ရင်မယုံဘူးဆိုတတ်တဲ့သူတွေက အများသားမဟုတ်လား ဆရာ။

ကျုပ်တို့ကတော့ ဆရာတို့လောက် ပညာမတတ်တော့၊ ဆရာတို့လောက် တွေးခေါ်မြော်မြင်နိုင်စွမ်းမရှိတော့ ယုတ္တိဆိုတာကြီးကို နားမလည်ပါဘူး။ သဘောလဲ မပေါက်ပါဘူး။ ဒါပေမဲ့ ကျုပ်ပြောချင်တာ တစ်ခုတော့ရှိတယ်။

ဟောဒီလောကကြီးမှာ ဖြစ်နေပျက်နေကြတဲ့ တချို့တချို့သော ဖြစ်ရပ်တွေက ဆရာတို့အဖို့ ယုတ္တိမရှိဘူးဆိုပြီး ယုံချင်မှလဲ ယုံမယ်၊ မဖြစ်နိုင်တာတွေပါဆိုပြီး ရယ်ချင်လဲရယ်ကြမယ်ပေါ့။ ဘယ်သူတွေယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ယုတ္တိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရယ်သည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ သူ့ဘာသာသူတော့ ဖြစ်နေကြတာပဲ။ ဟိုးအရင်တုန်းကလဲဖြစ်ခဲ့တာပဲ။ နောက်နောင်မှာလဲ ဖြစ်နေကြအုံးမှာပဲလို့ ကျုပ်ကတော့ ယုံတယ် ဆရာရေ ယုံတယ်ဗျ။

အဲဒီအဖြစ်အပျက်တွေထဲကမှ ကျုပ်ကိုယ်တိုင်ပဲ မြင်ခဲ့၊ တွေ့ခဲ့၊ ကြားခဲ့၊ ကြုံခဲ့ရတဲ့ ဖြစ်ရပ်ကလေးတစ်ခုကိုတော့ ပြောပြလိုက်ချင်ပါသေးရဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဆရာက ထူးထူးဆန်းဆန်းကလေးတွေကိုမှ ကြားချင်တယ်ဆိုလို့ပါ။

(၂)

ကျွန်တော်တို့နှစ်ယောက်ဘေးရှိ အုတ်ခဲခုံလုံးဖိုခုံလောက်လုပ်ထားသော ခွင်ပေါ်တွင် ရေနွေးအိုးကြီးတဗွမ်းဗွမ်းအသံပေး၍ အငွေ့ထောင်းထောင်းထွက်ကာ ဆူပွက်နေပေပြီ။ အဘဖိုးစံခဲသည် ထင်းစတွေကို ပြာထဲထိုးနှစ်၍ မီးရှိန်လျှော့လိုက်သည်။ နှစ်ရှည်လများတည်ပါများ၍ မှိုင်းတွေအိုးမဲတွေတက်ကာ မည်းနက်နေသော မြေရေနွေးအိုးကြီးကို အဖုံးလှပ်၍ ရွှေဖိမိုးလွှတ်လက်ဖက်ခြောက်လက်တစ်ဆုပ်ခန့်ထည့်လိုက်သည်။ ပြီးမှ မြေရေနွေးကြမ်းပန်းကန်ပက်ပက်ကြီးထဲ ငဲ့၍ထည့်ကာ "သောက်ဆရာလေး" ဟု ကျွန်တော့်ကိုပြောကာ သူကတော့ မသိနိုးမေတံဆိပ်ပတ်ကပ်ထားသော တောင်ဆုပ်ခန့်ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးစွဲလက်စ ထင်းစတစ်ချောင်းဖြင့် လှည့်ကာပတ်ကာ မီးအစွဲညီအောင်ပြုပြီး ထောင်းထောင်းထအောင် ဖွာလိုက်သေး၏။ ပြီးလျှင် ရိဝေသောမျက်လုံးများဖြင့်ငေးရင်း ငြိမ်သက်နေပြန်တော့သည်။

တပေါင်းလရောက်ပြီမို့ မြစ်ပြင်တွင်ရေနည်းနေပါပြီ။ မြစ်ရေက ညို့ညို့တန်းတန်းကြီးပေါ်နေသော သောင်စပ်ကို ကွေ့ကာပတ်ကာ ငြိမ့်ငြိမ့်ကလေးစီးသည်ဆိုရုံကလေးစီးနေသည်။ လဆန်းဆယ့်သုံးရက်ရောက်ပြီမို့ လသည် ပြည့်လုခမန်း သာလျက်ရှိသည်ဖြစ်ပေရာ ဘော်ငွေရောင်ပက်ဖျန်းထားလေသဖြင့် ညို့မှိုင်းမှိုင်းသောင်ခုံတို့သည် ဝင်းဝါနေသည်ထင်ရပြီး ပြာလဲ့လဲ့မြစ်ရေပြင်ကို အနားသတ်ပေးထားလေရာ မှုန်ရီဝေဝါးပန်းချီကားတစ်ချပ်သဖွယ် လှပနေတော့၏။

ညချမ်းအခါဖြစ်သော်ငြားလဲ သောင်ကမ်းရေစပ်တစ်လျှောက် အစာကောက်ရင်း တစာစာမြည်ကြွေးနေသော မြစ်တွေးငှက်များ၊ စင်ရော်ငှက်ငယ်များ၏ ဖိုမခေါ်သံတို့သည် ညင်းညှဉ့်ညှဉ့်လေပြည်ဝယ် လွင့်မျောလျက်ပါလာနေသည်။

ကျွန်တော် အဘဖိုးစံခဲတို့ရွာကလေးရှိ တွဲဖက်အထက်တန်းကျောင်းသို့ တာဝန်ကျလာသည်မှာ တစ်နှစ်ကျော်ခဲ့ပြီ။ တစ်ကိုယ်ရေ တစ်ကာယသမားပေမို့ ညည အဘဖိုးစံခဲ၏ တဲကလေးဆီသို့လာရင်း အဘပြောသည့် ရှေးဟောင်းနှောင်းဖြစ်တို့ကို နားထောင်ရင်း အဘ၏နှမအပျိုကြီးဒေါ်မြမှုံ၏ ကောက်ညှင်းဆီထမင်းနှင့် ငါးဖယ်အောင်းငါးပိကောင်ကင်ကို စားရင်း၊ ရေနွေးကြမ်းခါးခါးကြီးကို သောက်ရင်း ဘဝအမောဖြေလာခဲ့သည်မှာလည်း ကြာခဲ့ပြီ။

အပျိုကြီး၊ လူပျိုကြီး အသက်ကြီးသူတို့၏ အကျင့်အတိုင်း စကားပြောဖော် မွတ်သိပ်နေသည်နှင့် အခန့်သင့်ပင် ကျွန်တော်နှင့်တွေ့ကြုံပြီး ညီအစ်ကို မောင်နှမတူသားသဖွယ်ခင်မင်ရင်းနှီးလာကာ စကားလက်ဆုံပြော၍ မကုန်ဖြစ်နေကြတော့၏။

(၃)

အဘသည် ပါးစပ်တွင် မချွတ်စတမ်း တပ်ထားသော ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဆေးရိုးဆေးစများ ကြွေမသွားစေရန် အသာအယာချွတ်၍ ခေါင်းနှစ်ကောင်ကနေသည့်စဉ်သုတ်ဆေးလိပ်ခွက်ထဲ အသာအယာချကာ ချောင်းတစ်ချက်ဟန့်လိုက်သေး၏။ ပြီးမှ သူ့နာမည်က ယဉ်ယဉ်ကျေးကျေးခေါ်မယ်ဆိုရင်တော့ ကိုမောင်တင်ပေါ့ဆရာ။ ဒါပေမဲ့ ကျုပ်တို့တောခလေ့၊ တောစရိုက်အရ ဒါလောက်လဲ ယဉ်ကျေးဖွယ်ရာခေါ်မနေကြပါဘူး။ ရိုင်းတယ်လို့လဲ ဘယ်သူကမှထင်မနေကြပါဘူး။ တိုတိုတုတ်တုတ် ငတင်လို့ခေါ်လိုက်ကြတာပါပဲ။

အဲဒီ ငတင်ဟာ ကျုပ်တို့အောက်အရပ်သားတော့ မဟုတ်ပေဘူး။ ဟိုး အထက်အညာဘက်က အညာသားပေါ့ဆရာ။

ကျုပ်နဲ့စတွေ့တော့ သူ့အသက်က သုံးဆယ်လောက်ရှိကရောပေါ့။ သူ့အသက် ဘယ်လောက်ရှိပြီလဲဆိုတာကိုလဲ တစ်ခါမှမှတ်မှတ်ရရ မေးမကြည့်မိပါဘူး။ ခန့်မှန်းပြောရတာပါ။ ကျုပ်ကတော့ လူပျိုပေါက်အရွယ် မသကာရှိလှမှ ဆယ့်ခုနစ်၊ ဆယ့်ရှစ်ပေါ့။ ဟဲ့ ရှင်မြမှုံ အဲဒီတုန်းက နင့်အသက်က ဘယ်လောက်ရှိပြီလဲ။ အနားမှာထိုင်၍ ဗန်းကလေးထဲ ကောက်ညှင်းဆန်ရွေးနေသော ဒေါ်မြမှုံက "အို အစ်ကိုကလဲ ကျုပ်အုပ်လုံးသိမ်းစဆိုတော့ ဆယ့်ငါး၊ ဆယ့်ခြောက်ဖြစ်မှာပေါ့။ ဘာတွေမေးနေမှန်းလဲ မသိပါဘူး" ဟု ရှက်စနိုးဆိုသောအခါ ကျွန်တော်သဘောကျ၍ ရယ်မိပါသေးသည်။

အဘဦးစံခဲသည် တဟဲဟဲရယ်ရင်း ရေနွေးကြမ်းတစ်ခွက် မော့လိုက်သေးသည်။ ပြီးမှ-

သူ့ကိုရွယ်တူတွေ၊ သူ့ထက်ကြီးသူတွေက ငတင်လို့ပဲခေါ်ကြတယ်။ ကျုပ်ကတော့ ကိုငတင်လို့ခေါ်တယ်။ သူကတော့ ဘယ်လိုပဲခေါ်ခေါ် ဘာမှမပြောရှာပါဘူး။ ပြုံးစစနဲ့ လွှတ်သဘောကောင်းတာကလား။

အဲဒီကိုငတင်က လှေထိုးသားဆရာလေးရဲ့။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်လောက်က အညာနဲ့အောက်အရပ်၊ အောက်အရပ်နဲ့အညာ ခေါက်တုံ့ခေါက်ပြန် စုန်ချည်တစ်လှည့်၊ ဆန်ချည်တစ်ခါ သွားလာကုန်သွယ်နေတဲ့ အညာလှေကြီးက လှေထိုးသားပါ။

အမယ် လှေထိုးသားဆိုတာ အဆင့်သုံးဆင့်တောင်ရှိသတဲ့။ ကျုပ်ကို ပြောဖူးတယ်။ အနိမ့်ဆုံး အဆင့်က အောက်ဝါးလို့ခေါ်သတဲ့။ အဲဒီအောက်ဝါးကနေတစ်ဆင့်တက်တော့ ဝါးလတ်တဲ့ဗျ။ အဲ ပထမအဆင့်ကိုရောက်ရင်တော့ ခေါင်ဝါးလို့ခေါ်သတဲ့။ လှေထိုးသားထဲမှာတော့ ထိပ်ပေါ့ဗျာ။ ကျုပ်နဲ့တွေ့တဲ့အချိန်မှာ ကိုငတင်က ခေါင်ဝါးဖြစ်နေပါပြီ။ လှေထိုးသားထဲမှာတော့ သမ္မာအရင့်ဆုံး၊ ပညာအပြည့်ဝဆုံးဖြစ်နေပြီ။ လှေတက်အကြောင်းနားလည်နေပြီ။ ရေသွားရေလာ ရာသီဥတုမိုးလေဝသလဲ ကျွမ်းနေပြီဆိုပါတော့။

အဲဒီခေါင်ဝါးထက်ကြီးတာဆိုလို့ လှေလောကမှာ တက်မကိုင်ပဲရှိတော့တာပေါ့။ ခေါင်ဝါးဟာ လှေထိုးသားထဲမှာ ခေါင်းဆောင်ပဲ။ တော်ရုံပညာနဲ့ ခေါင်ဝါးမဖြစ်နိုင်ဘူး။

(၄)

ဟိုတုန်းကအညာဆန်လှေကြီးတွေ အောက်အရပ်ကို စုန်လာပြီလားဆိုရင် အညာကုန်တွေ လှေနဲ့အပြည့် တနင့်တပိုး သယ်လာကြတာကိုး။ ထန်းလျက်တွေလဲပါရဲ့။ ဆီးယိုတွေ၊ ဆီးသီးခြောက်တွေလဲပါရဲ့။ တမာချဉ်တွေ၊ ထန်းခေါက်ဖာတွေ၊ ထန်းကြောဖျာတွေ၊ သနပ်ခါးတုံးတွေ၊ ပုံးရည်ကြီးတွေ၊ သကာရည်တွေ စသဖြင့် အညာကုန် စုံစီနဖာအကုန်ပါလာတတ်တာပဲ။

အဲဒီအညာကုန်တွေ အောက်ပြည်အောက်ရွာမှာ ရောင်းလို့ချလို့ကုန်ရင်တော့ အောက်ကုန်တွေဖြစ်တဲ့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက်တို့ပြန်တင်ပြီး အညာကို ပြန်ကြတာပေါ့။

အဲဒီလို အညာကို ပြန်ခါနီးကျရင် လှေကြီးတွေကို လွန်းတင်ကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့အောက်အရပ် ရေငန်ဝင်တဲ့နေရာတွေမှာ ဒီပိုးဆိုတာရှိသကိုးဆရာလေးရဲ့၊ အဲဒီ ဒီပိုးတွေ အညာကိုအပြန်မှာ ပါမသွားအောင် လွန်းတင်ပြီးမှ၊ ဒီပိုးသတ်ပြီးမှ အညာကိုပြန်ပြီး ဆန်လှေရှိကြတယ်။ အမယ် ဘာတဲ့၊ လှေထိုးသားတွေ ဆိုလှေရှိတဲ့သီချင်းကလေးတောင် ကျုပ်မှတ်မိနေပါသေးရဲ့။ "စီးသာတဲ့ သောင်ခြေမှာ တောင်လေကို မိတ်ဆွေဖွဲ့ပါလို့ ကုက္ကလံမြောက်ကို လှည့်ခါမှ ပြန်ခဲ့မယ် ရွှေညာသူရဲ့ ငွေရှာသူမအေး"တဲ့။ အညာဘက်ကို ပြန်တော့မဲ့ သူတွေရဲ့ အကြိုက်သီချင်းပေါ့။

ဆက်လက်ဖော်ပြပါမည်။

ဩစတြေးလျနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် ဆိုလာစွမ်းအင်ထုတ်လုပ်မှုကို ၇၀ ရာခိုင်နှုန်းခန့်ထိ လျော့ကျစေနိုင်



ကင်ဘာရာ အောက်တိုဘာ ၃၀

ဩစတြေးလျနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် ဆိုလာစွမ်းအင်ထုတ်လုပ်မှုကို လျော့ကျစေနိုင်ပြီး ပုံမှန်ထုတ်လုပ်နိုင်သည့် ပမာဏထက် ၇၀ ရာခိုင်နှုန်းထိ လျော့ကျစေနိုင်ကြောင်း နယူးဆောက်ဝေးတက္ကသိုလ်မှ သုတေသီများက သုတေသန ရလဒ်များနှင့်တကွ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ၌ ၂၀၁၉ -၂၀၂၀ ခုနှစ် နွေကာလတွင် ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုကြောင့် ဆိုလာစွမ်းအင်ထုတ်လုပ်မှု သိသိသာသာလျော့ကျလာသဖြင့် သုတေသီများက သုတေသနလုပ်ငန်းများကို အချိန်ယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဩစတြေးလျနိုင်ငံမှာ တောမီး လောင်ကျွမ်းမှုတွေနဲ့ မကြာခဏ ရင်ဆိုင်ရပါတယ်။ ၂၀၂၆ ခုနှစ်အတွင်းမှာလဲ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်နဲ့ ကနေဒါနိုင်ငံတို့မှာလဲ မကြာခဏပြင်းထန်တဲ့ တောမီးလောင်ကျွမ်းမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ကြီးမားတဲ့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေပြီးတော့ နောက်ဆုံး သုတေသနရလဒ်အရ တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် ဆိုလာစွမ်းအင်ထုတ်လုပ်မှုကို သိသိသာသာလျော့ကျစေခဲ့ပါတယ်"ဟု နယူးဆောက်ဝေး တက္ကသိုလ်မှ ပြောရေးဆိုခွင့်ရှိသူ သုတေသီ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဆီးရီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသဖြင့် အိမ်ထောင်စု ၃၇၅ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

ဒမတ်စကတ်စ် အောက်တိုဘာ ၃၀

ဆီးရီးယားနိုင်ငံရှိ ပြည်နယ်တချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု များ ဖြစ်ပွားနေသဖြင့် ရေဘေးသင့် ဒေသများမှ အိမ်ထောင်စု ၃၇၅ စု ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးခဲ့ရကြောင်း နိုင်ငံ၏အရေး ပေါ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်များက ယနေ့တွင် ထုတ်ပြန်သည်။

ရေကြီးရေလျှံမှုများကြောင့် ရက်ကာ၊ ဒေးအယ်လ်ဇော်နှင့် အလက်ပိုပြည်နယ်တို့ရှိ ကျေးလက်ဒေသများတွင် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ကလေးလေးဦး အပါအဝင် လူ ငါးဦးသေဆုံးကာ လူငါးဦး ပျောက်ဆုံးနေကြောင်း၊ ပျောက်ဆုံးနေသူများကို ရှာဖွေ ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရက်ကာ၊ ဒေးအယ်လ်ဇော်နှင့် ဟုမ်းစ်ပြည်နယ်တို့တွင် ရေကြီးမှုအတွင်း သောင်တင်နေသူများနှင့် မော်တော်ယာဉ်များ အတွင်း ပိတ်မိနေသူ ၂၅ ဦးကို ဆီးရီးယားအရပ်ဘက် ကာကွယ်ရေးအဖွဲ့များက ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။



ရေကြီးရေလျှံမှုများကြောင့် လမ်းများ၊ တံတားများလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အထူး သဖြင့် ရက်ကာပြည်နယ်ရှိ မြေနိမ့် ပိုင်းဒေသများသို့ ရွှံ့ရေများဝင် ရောက်ခဲ့သဖြင့် လယ်ယာမြေများ ရေနစ်မြုပ်ခဲ့ပြီး သယ်ယူပို့ဆောင် ရေးလုပ်ငန်းများ အနှောင့်အယှက် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဆီးရီးယားအရပ်ဘက် ကာကွယ်ရေးအဖွဲ့များက ရေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်း များ ဆက်လက်ဆောင်ရွက်လျက် ရှိပြီး ပျောက်ဆုံးနေသူများကို ရှာဖွေနေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

Green Climate Fund အဖွဲ့အစည်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစီမံကိန်းများအတွက် ကန်ဒေါ်လာ နှစ်ဘီလီယံပံ့ပိုးပေးရန် အတည်ပြု

ဂျီနီဗာ အောက်တိုဘာ ၃၀

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ လက်အောက်ခံအဖွဲ့အစည်း တစ်ခုဖြစ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့အစည်း (Green Climate Fund)က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံပံ့ပိုးပေးရန် အတည်ပြုလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Green Climate Fund အဖွဲ့အစည်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြီးမားဆုံးသော ရန်ပုံငွေအဖွဲ့အစည်း ဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းများအတွက် ရန်ပုံငွေများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ လာမည့်နိုဝင်ဘာ ၉ ရက်မှ ၂၀ ရက်အတွင်း တူကီယဲနိုင်ငံတွင် ကျင်းပပြုလုပ်သွားမည့် COP31 ညီလာခံမတိုင်မီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်းများ အတည်ပြုရွေးချယ်သွားမည်ဖြစ်ကြောင်း၊ Green Climate Fund အဖွဲ့အစည်းက ရန်ပုံငွေပံ့ပိုးပေးသွားမည့် စီမံကိန်း စုစုပေါင်း ၂၁ ခု ရှိနေပြီး အများစုမှာ အစိုးရအဖွဲ့အစည်းများက ဦးဆောင်၍ ဆောင်ရွက်သွားမည့် စီမံကိန်းများအဖြစ် ပုဂ္ဂလိက အဖွဲ့အစည်းများက ဦးဆောင်သွားမည့် စီမံကိန်းများလည်း ပါဝင်နေကြောင်း မာဖယ်လ်ဒါက ပြောကြားသွားခဲ့သည်။

"ရန်ပုံငွေပံ့ပိုးပေးသွားမဲ့ စီမံကိန်းတွေကို သေချာစိစစ်ရွေးချယ်ထားပါတယ်။ စီမံကိန်းပေါင်း ၂၁ ခုကို ရန်ပုံငွေပံ့ပိုးပေးသွားပါမယ်။ အစိုးရအဖွဲ့တွေ ဦးဆောင်ပြီးတော့ ဆောင်ရွက်သွားမဲ့ စီမံကိန်းအများစုဖြစ်ပြီး တော့ ပုဂ္ဂလိကအဖွဲ့အစည်းတွေ ဦးဆောင်သွားမဲ့ စီမံကိန်းတွေလည်း ပါဝင်ပါတယ်" ဟု Green Climate Fund အဖွဲ့အစည်း၏ ဒါရိုက်တာဖြစ်သူ မာဖယ်လ်ဒါက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ကန်ဆက်မြို့တွင် ရေကြီးရေလျှံမှုကာကွယ်ရေး လုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် မစ်ဇူရီပြည်နယ်အစိုးရထံ လွှဲပြောင်း

ဝါရှင်တန် အောက်တိုဘာ ၃၀

အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ် ကန်ဆက်မြို့တွင် ရေဘေးအန္တရာယ်ဖြင့် မကြာခဏ ရင်ဆိုင်ခဲ့ရသည့်အတွက် ရေကြီးရေလျှံမှုကာကွယ်ရေး လုပ်ငန်းများပြီးစီးပြီဖြစ်သဖြင့် မစ်ဇူရီပြည်နယ်အစိုးရထံသို့ လွှဲပြောင်းလိုက်ကြောင်း မစ်ဇူရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ လုပ်ငန်းများကို မစ်ဇူရီမြစ်ကြောင်း တစ်လျှောက်တွင် ဆောင်ရွက်ထားခြင်း ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဇူလိုင်လမှ စတင်၍ တည်ဆောက်ရေး လုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိ အသုံးပြုခဲ့ပြီး အဆိုပါရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများ လူဦးရေ ၂၇၀၀၀ ကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်တော့မည်ဖြစ်ပြီး စီးပွားရေး အဆောက်အအုံနှင့် အခြေခံအဆောက်အအုံပေါင်း ၂၇၀၀ ကျော် ကာကွယ်ပေးနိုင်တော့မည် ဖြစ်ကြောင်း မစ်ဇူရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"မစ်ဇူရီမြစ်ကြောင်း တစ်လျှောက် ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တဲ့ ဧရိယာတွေမှာ ရေဘေးအန္တရာယ် ကာကွယ်ပေးနိုင်ဖို့အတွက် ၂၀၂၁ ခုနှစ် ဇူလိုင်လ ကနေ စတင်ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေ စတင်ခဲ့ပါတယ်။ အခုတည်ဆောက်မှု ပြီးစီးသွားပြီဖြစ်တဲ့အတွက် မစ်ဇူရီပြည်နယ်အစိုးရထံ လွှဲပြောင်းလိုက်ပြီးဖြစ်ပါတယ်။ သုတေသနတွေ သေချာလုပ်ပြီးမှ တည်ဆောက်ခဲ့ခြင်း ဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုကို ထိရောက်စွာ ကာကွယ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု မစ်ဇူရီပြည်နယ်ဝန်ကြီး ချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

ဘော့ဆွာနာနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားနေသဖြင့် သစ်တောမြေ ဟက်တာ ၆၉၉၃ ခန့် ထိခိုက်ပျက်စီးခဲ့

ဂဘိုရုန်း အောက်တိုဘာ ၃၀

ဘော့ဆွာနာနိုင်ငံတွင် အောက်တိုဘာ ၂၈ ရက်မှ စတင်၍ ယနေ့ထိ တောမီးလောင်ကျွမ်းမှုများဖြစ်ပွားနေသဖြင့် သစ်တောမြေ ဟက်တာဖြ၉၉၃ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုများကို ဂြိုဟ်တုစောင့်ကြည့်ရေး အချက်အလက်များနှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်စနစ်များက စောင့်ကြည့် မှတ်တမ်းတင်ထားခြင်း ဖြစ်ကြောင်း၊ ယနေ့တွင်လည်း နိုင်ငံတွင်းတွင် မီးလောင်ကျွမ်းမှုဆိုင်ရာ အပူချိန်မြင့်မားသည့်နေရာများကို ဂြိုဟ်တုမှတစ်ဆင့် ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

ဘော့ဆွာနာအစိုးရသည် တောမီးအန္တရာယ်ကို လျှော့ချနိုင်ရန် သစ်တောနှင့် မြက်ခင်းပြင်များ မီးလောင်မှု စီမံခန့်ခွဲရေးမဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိပြီး မီးမလောင်မီ ကြိုတင် စနစ်တကျရှင်းလင်းခြင်း၊ ပြည်သူများကို မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်သတိပေးစနစ်များ အသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မီးလောင်မှုအန္တရာယ်မြင့်မားသည့်ရာသီများတွင် ရာသီအလိုက် မီးငြိမ်းသတ်ရေး အဖွဲ့များကို စေလွှတ်အသုံးပြုရန်အတွက် ရပ်ရွာအခြေပြု တောမီးကာကွယ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။


လက်ရှိတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ နေအိမ်နှင့် အခြေခံအဆောက်အအုံ ပျက်စီးမှုတို့ မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်













ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩ ကေ ၂၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က သစ်စိမ်းမြေဩစိုက်ခင်းကို တွေ့ရစဉ်။

ဝါးခယ်မ အောက်တိုဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩ (ပိုက်ဆန်လျော်) ဧက ၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩ(ပိုက်ဆန်လျော်)ဧက ၂၅၀၀ ကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ ပိုက်ဆန်လျော် ဧက ၂၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ပိုက်ဆန်လျော်ကို မြေဩအဖြစ် အစားထိုးပြန်လည်အသုံးပြုသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးမြေတွေမှာ ပိုက်ဆန်လျော်ကို ထည့်သွင်းစိုက်ပျိုးတာကြောင့် မြေဆီလွှာစွမ်းရည်နဲ့ ဂုဏ်သတ္တိတွေမြင့်မားစေတာ၊ မြေဆီလွှာပိုးမွှားကျရောက်မှုကို လျော့နည်းစေတာ၊ ဓာတ်မြေဩအသုံးပြုမှုကို လျော့နည်းစေတာနဲ့ ဓာတ်မြေဩတွေကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေတာ စတဲ့အကျိုးကျေးဇူးတွေ ရရှိစေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

သစ်စိမ်းမြေဩကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သစ်စိမ်းမြေဩကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



ဒဂုံနှင့်အတူ
စွဘ်ယူလိုက်ပါ...



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော
ကြံ၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် ပြင်းမျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။





ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၉၂၅၂၂၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊ အမှတ်(၃) ရပ်ကွက်၊ တာကြီးတန်းတွင် ကျွန်မ ဒေါ်စန်းသီရိကျော် (၅/ယမပ(နိုင်)၁၅၈၃၄၆၈) မှ Diamond(စိန်) အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်စန်းသီရိကျော် (၅/ယမပ(နိုင်)၁၅၈၃၄၆၈) ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Viberမှတစ်ဆင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်အကြောင်းကြားနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကုပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းသီရိကျော်
Diamond (စိန်) သောက်ရေသန့်
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊
အမှတ်(၃)ရပ်ကွက်၊ တာကြီးတန်း
ဖုန်း- 09-401967264,09-789089235
Viber-09-401967264,09-789089235

သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

အမည်မှန်ဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ဆင်ကျုံးကျေးရွာ အခြေခံပညာမူလတန်းကျောင်း (အဘ) ဦးရဲမင်းထွန်း ၁၄/ကလန(နိုင်)၁၃၈၇၆၉ ကိုင်ဆောင်သူ၏သမီး Grade-4 တွင် ပညာသင်ကြားနေသော မအိသံစဉ်ချို၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအေးချမ်းဖြိုး ဖြစ်ပါကြောင်း။ **မအေးချမ်းဖြိုး**

ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရပ်ကွက်(၅)၊ ပန်ဆိုင်းမြို့နေ (အဘ) ဦးလထွမ်၏သားဖြစ်သူ မောင်လန်ကျော်တွယ်ဆန်ဂျာ နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၃/ပဆတ(နိုင်)၀၀၁၅၅၁ ကိုင်ဆောင်ထားသူ၏ ပတ်စပို့(မမှတ်မိ)ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-448594471**

အဖိုးတန် ရေချိုကို ချွေတာပါ

အိမ်ပြင်ပဥ္စာထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

ဒေါ်အုန်းကြင် အသက် (၈၉) နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊
၃၇လမ်းနှင့် ၃၈လမ်းကြား၊ ၈၄လမ်းနှင့် ၈၅လမ်းကြား အကွက် (၅၃၄) မှနှံ့တီစုရပ်နေ
မခင်မေ၊ မောင်ခင်မောင်အေး(အထကပြ(ငြိမ်း))+မညိုညိုမော၊
မောင်ခင်မောင်ထွေး(ခ) မောင်နက်ကျော်+မအေးလွင်၊ မောင်တင်ရှိန်+မခင်ရွှေ(ခ)မနက်တူးမ၊
မောင်ချိုမောင်(ခ)မောင်ခင်မောင်လေး၊ မောင်သောင်းထွေး(မစဘ၊ ဒု-ကြီး/မှူး(ငြိမ်း))+မမာဌေးတို့၏မွေးသမီခင်၊
မြေး (၁၈)ယောက်၊ မြစ် (၁၆)ယောက်တို့၏အဖွား (ဦးတုတ်)၏(ဇနီး)

ဒေါ်အုန်းကြင်

အသက် (၈၉)နှစ်သည် ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက်၊ (၃၀.၁၀.၂၀၂၆) သောကြာနေ့၊ နံနက် (၁:၃၀)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရှိနေသော ရုပ်ကလာပ်ကို (၃၁.၁၀.၂၀၂၆) စနေနေ့၊ နေ့လယ် (၁၂:၀၀)နာရီအချိန်တွင် နေအိမ်မှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍

စာမျက်နှာ ၂၅ ကော်လံ ၁ ❑



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တက်ရောက်လာသော သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလလျှော့ပေါ့ခွင့် ရရှိကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၀

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်း၍

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ရှိ

စာမျက်နှာ ၁၆ ကော်လံ ၅ ■


FITEQ World Series 2026 Ayutthaya ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် Teqball အားကစားသမားများ Men's Double ပွဲစဉ်များတွင် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၃၀

FITEQ World Series 2026 Ayutthaya ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ့လက်ရွေးစင် Teqball အားကစားသမားများသည် ယနေ့နံနက်ပိုင်းတွင် Men's Double ပြိုင်ပွဲများကို လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် Mixed Double ပြိုင်ပွဲများကိုလည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် Women's Double ပြိုင်ပွဲများကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ◆





နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများ ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍

စာမျက်နှာ ၂၆ ကော်လံ ၁ ●